# ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (24-11-2010) (၆၅၉၂)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်**အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း** ဗဟိုဝန်ထမ်း တက္ကသိုလ် **(အထက်မြန်မာပြည်) အခြေခံ** ပညာ ဆရာ၊ ဆရာမများ **အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၉) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# နိုင်ငံသားတိုင်း အခြေခံပညာ ကောင်းစွာတတ်မြောက်ပြီး တိုးတက်လာသည့် သိပ္ပံနှင့် နည်းပညာအကူအညီဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ကာကွယ်နိုင်မည့်သူများ ပျိုးထောင်

နေပြည်တော် နိုဝင်ဘာ ၂၃

**ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။**

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင်များဖြစ်ကြသည့် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

# ကလေးဒေသတွင် လမ်း၊ တံတားများ ဝေဆာ၍ မြို့ရွာများ ဖွံ့ဖြိုးလာ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ကလေးဝင်းသူ

ပန်းမွှန်ချောင်းတံတားပေါ် အရောက် ကျွန်တော် တံတားဖွင့်ပွဲနေ့က မြင်ကွင်းကို ပြန်လည် မြင်ယောင်မိသည်။ ပျံတက်သွားသော မိုးပျံပူဖောင်းများ၊ လက်ခုပ်သြဘာသံများ၊ တက်ကြွပျော်ရွှင်နေသော ဒေသခံပြည်သူများကို မျက်လုံးအိမ်မှ မထွက်နိုင်သေး။ ထိုစဉ်က ဒေသခံပြည်သူများ ပျော်ရွှင်ချမ်းမြေ့သကဲ့သို့ ယခုလည်း ဒေသခံပြည်သူများ လမ်းပန်းသာ၍ သွားလမ်း လာလမ်း ဖြောင့်ကာ ဝမ်းသာကြည်နူးမဆုံး ဖြစ်နေဆဲပင်။

ပန်းမွှန်ချောင်းတံတားသည် ကလေး-ဂန့်ဂေါ လမ်းပေါ်ရှိ ပန်းမွှန်ချောင်းပေါ် ဖြတ်ကျော် ဖောက်လုပ်ထားသော တံတားကြီးတစ်စင်း ဖြစ်သည်။ ကလေးနယ်နှင့် ဂန့်ဂေါနယ်၊ ချင်းပြည်နယ်တို့၏ ခရီးသွားများ အဓိကအားထားရာ ချင်းတောင်တန်းခြေရင်းက တံတားကြီးတစ်စင်း ဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻



**ကလေး-ဂန့်ဂေါသွား ကားလမ်းပေါ်ရှိ ပန်းမွှန်ချောင်းတံတားကို တွေ့ရစဉ်။**

၂၄-၁၁-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

## ရာသီပြောင်းချိန် တစ်ကိုယ်ရေကျန်းမာမှု ဂရုပြု

မိုးလများကုန်မြောက်၍ ဆောင်းလများသို့ ကူးပြောင်းရောက်ရှိလာပြီ။ တန်ဆောင်မုန်းလပြည့်ကျော်သည်နှင့် ဆောင်းရာသီအအေးဓာတ်ရရှိလာပြီ။ လေအေးတိုက်သဖြင့် ညလယ်ပိုင်းမှစ၍ သိသိသာသာ အေးလာပြီ။ ဆောင်းရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသည့်ရောဂါများ မဖြစ်ပွားစေရေး နေထိုင်သွားလာမှု သတိပြုကြရပေမည်။

ရာသီဥတုအေးလာချိန်တွင် သာမန်အအေးမိနှာစေးချောင်းဆိုးများဖြစ်တတ်သည်။ ကလေးသူငယ်များသည် လူကြီးများထက် အအေးမိနှာစေးရောဂါ ကူးစက်လွယ်သဖြင့် ကလေးငယ်များကျန်းမာရေး ဂရုပြုစောင့်ရှောက်ပေးကြရပေမည်။ ကလေးငယ်များ အအေးမမိစေရေး နွေးနွေးထွေးထွေးထားကြရန်လိုအပ်သည်။

သွေးတိုးရောဂါအခံရှိသူများအနေဖြင့် ရာသီဥတု အေးလာချိန်များတွင် အအိပ်အနေ သတိပြုဆင်ခြင်ကြရပေမည်။ အထူးသဖြင့် ညဦးပိုင်းတွင် မချမ်းသည့်အတွက် ပန်ကာ၊ လေအေးပေးစက်များဖွင့်၍ အိပ်ခြင်း၊ ပြတင်းပေါက်များဖွင့်၍အိပ်ခြင်းသည် အန္တရာယ်ရှိသည်။ ညဥ့်လယ်ပိုင်းတွင် အအေးချိန်များလာသည့်အခါ သွေးကြောများ ကျုံ့သွားတတ်သဖြင့် ဦးနှောက်သွေးကြောကျဉ်းပြီး သေဆုံးနိုင်ကြောင်း သိရသည်။

အထူးသဖြင့် သွေးတိုးရောဂါအခံရှိသူများသည် ရေချိုးသည့်အခါ ခေါင်းလောင်းချိုးခြင်းကို ဆင်ခြင်သင့်သည်။ သွေးတိုးနေသူများသည် ရာသီဥတုအေးသည့်အချိန်တွင် သွေးတက်နေခြင်းကို သတိမပြုမိသဖြင့် ရေခေါင်းလောင်းချိုးပြီး လေဖြတ်ခြင်း၊ သေဆုံးခြင်းများ ဖြစ်တတ်သည်ကို သတိပြုသင့်သည်။

ထို့အတူ သွေးတိုးရောဂါနှင့်ယှဉ်၍ နှလုံးသွေးကြောကျဉ်းရောဂါရှိသူများလည်း သတိထားသင့်သည်။ ရာသီဥတုအေးလာသည့်အခါ နှလုံးသွေးကြောများ ပို၍ကျဉ်းသွားတတ်သည်။ လေအေးစက်တပ်ဆင်ထားသည့် အခန်းတွင်း၌ အိပ်သည့်အခါ နှလုံးကြွက်သားကိုပို့လွှတ်သည့် သွေးကြောကျဉ်းလာပါက သွေးကြောပိတ်ပြီး ရုတ်တရက် သေဆုံးနိုင်သည်။

နေပူထဲမှပြန်လာပြီး လေအေးစက်အခန်းထဲဝင်ခြင်း၊ အေးနေသည့်အခန်းတွင်းမှ အပြင်သို့ ချက်ချင်းထွက်ခြင်းတို့သည်လည်း အပူအအေး ရုတ်တရက်ပြောင်းလဲသောကြောင့် သတိပြုဆင်ခြင်ရပေမည်။

ဆောင်းရာသီသို့ ကူးပြောင်းလာချိန်တွင် ကိုယ်လက်လေ့ကျင့်ခန်းများ အချိန်မှန်မှန်ပြုလုပ်ခြင်း၊ နေ့စဉ်နာရီဝက်ခန့် လမ်းလျှောက်ခြင်း၊ လေ့ကျင့်ခန်းပုံမှန်လုပ်ဆောင်ခြင်း၊ အသွားအလာအနေအထိုင် သတိပြုဆင်ခြင်ပြီး တစ်ကိုယ်ရေကျန်းမာမှု ဂရုပြုကြခြင်းဖြင့် ရောဂါဘယကင်းရှင်း ကျန်းမာခြင်းသုခ ရရှိခံစားနိုင်ကြမည် ဖြစ်ပါသည်။ ။

## ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၃

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၄၄)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ ရန်ကုန်မြို့၌ ကြိုးမဲ့အင်တာနက်ဖုန်ပေါင်း ၅၀ ခန့်အထိ တိုးချဲ့မည်၊ ယာဉ်တိုက်မှုကြောင့် အကယ်ဒမီ ခင်စိုးပိုင် မျက်စိအထူးကုဆေးရုံတွင် ကုသနေရ၊ CDMA -450 MHz ဖုန်းများကို တစ်နိုင်ငံလုံး ယူဆောင်အသုံးပြုနိုင်ပြီ၊ ရွှေ့လမှစ၍ လော်ကားသဘာဝဘေးမဲ့ဥယျာဉ်အတွင်း ညအိပ်အပန်းဖြေနိုင်မည်၊ မျက်နှာပြင်မှ အပြင်သို့ထွက်လာသကဲ့သို့ ပုံစံမျိုးစုံပြသနိုင်ပြီး မျက်မှန်တပ်ကြည့်စရာ လုံးဝမလိုသည့် 3D LCD တီဗွီများတင်သွင်း၊ ပထမဆုံး ပြိုင်ကားပြပွဲနှင့် ကလေးပြိုင်ကားမောင်းပြိုင်ပွဲ ကျင်းပမည်၊ စီးပွားရေးလုပ်ငန်းများကို အွန်လိုင်းပေါ်တွင် အခမဲ့ကြော်ငြာထည့်သွင်းနိုင်၊ မြန်မာနှင့် စီးပွားရေးအကျိုးတူဆောင်ရွက်ရန် ထိုင်းကုမ္ပဏီ ၃၃ ခု လာရောက်ဆွေးနွေးမည်၊ ရေဖြင့် အင်ဂျင်မျိုးစုံ မောင်းနှင်နိုင်သော ရေဓာတ်ငွေ့ထုတ်ကိရိယာကို စင်ကာပူမှပညာရှင်များနှင့် ပူးပေါင်းထုတ်လုပ်မည်၊ ၅၅ ထပ်မြင့် ဟိုတယ်အဆောက်အအုံသုံးခု၏ခေါင်မိုးပေါ်က သင်္ဘောသဏ္ဌာန် အပန်းဖြေဥယျာဉ်ကြီးသို့ တစ်ခေါက်၊ မိုးညအိပ်မက်မြို့ ရုပ်ရှင်ကားကို အမေရိကန်တွင် ပြသရန် ကမ်းလှမ်း၊ ငမိုးရိပ် မိကျောင်းတစ်ကောင်ကို သုံးနာရီကျော် ခက်ခက်ခဲခဲ ဖမ်းခဲ့ရ၊ ဟောလိဝုဒ်မှ ရိုက်ကူးမည့် လင်းနို့လူသား ရုပ်ရှင်ကားသစ်တွင် မြန်မာ့ကိုယ်လုံပညာဇာတ်ဝင်ခန်းများ ပါဝင်မည်။

ဂင်းနက်စ်ကမ္ဘာ့စံချိန်များနေ့ကျင်းပ၊ ဂျာမနီသို့ထွက်ခွာမည့် လေယာဉ်ပေါ်တွင် ဖောက်ခွဲရေးပစ္စည်းတွေ့ရှိ၊ ရှေးဟောင်း စဖင့်ရုပ်တုများ ရာနှင့်ချီလျက် အတန်းလိုက်ရှိနေသည်ကို တူးဖော်တွေ့ရ၊ ငါးများသည် ညဘက်၌ ကောင်းစွာအိပ်ပျော်ရန် ကိုယ်ပိုင်ခြင်ထောင်ထောင်ကာ အိပ်ကြောင်း တွေ့ရှိ၊ သုံးနှစ်သားလေးက သတ္တုရှာဖွေရေးကိရိယာသုံး၍ ဒေါ်လာလေးသန်းတန် ရှေးဟောင်းရတနာကိုတွေ့ရှိ၊ မူလတန်းကလေးငယ်များ အာကာသယာဉ်လွှတ်တင်၊ နယူးဇီလန်၌ ကျောက်မီးသွေးတွင်းပေါက်ကွဲ၍ လုပ်သား ၂၉ ဦး ပိတ်မိနေသည့် မိုင်းတွင်းထဲ၌ အဆိပ်ငွေ့များပြည့်နေသဖြင့် စုံစမ်းရန် စက်ရုပ်တစ်ရုပ်စေလွှတ်၊ ဟောလိဝုဒ်သို့ ခွေးရူးပြန်ရောဂါရနေသော လင်းနို့များ ဝင်ရောက်လာမှုကြောင့် ကမ္ဘာကျော်အနုပညာရှင်တို့၏ ကျန်းမာရေးစိုးရိမ်နေရ စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာ တိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဆွစ်ဇလန်နိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၃

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဆွစ်ဇလန်နိုင်ငံ Swiss Tropical and Public Health Institute မှ ဒုတိယညွှန်ကြားရေးမှူး Dr. Nicolaus Lorenz နှင့် Swiss TPH, Myanmar မှ ဌာနေကိုယ်စားလှယ် Dr. Sameh Youssef တို့သည် ယမန်နေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။**

ထိုသို့တွေ့ဆုံရာ၌ ဒုတိယညွှန်ကြားရေးမှူး Dr. Nicolaus Lorenz က Swiss Tropical and Public Health Institute ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြပြီး မြန်မာနိုင်ငံမှ ရရှိမည့် ကမ္ဘာ့ရန်ပုံငွေရွေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်များမှ စီမံချက်မန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)



ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဆွစ်ဇလန်နိုင်ငံ Swiss Tropical and Public Health Institute မှ ဒုတိယညွှန်ကြားရေးမှူး Dr. Nicolaus Lorenz နှင့် Swiss TPH, Myanmar မှ ဌာနေကိုယ်စားလှယ် Dr. Sameh Youssef တို့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

## မြန်မာ-ဗီယက်နမ် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

**မြန်မာ-ဗီယက်နမ် စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပထမထပ်မင်္ဂလာခန်းမ၌ ကျင်းပရာ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။**

တွေ့ဆုံဆွေးနွေးပွဲတွင် အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ People's Committee of An Giang Province, ဥက္ကဋ္ဌ Mr. Lam Minch Chieu က မိတ်ဆက်အမှာစကား ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများခေါင်းစဉ်ပါ စာတမ်းကို အသင်းချုပ် Economic Studies & Research Institute (ESRI) မှ ဒေါ်နန်းစောနန္ဒာလှိုင်က ဖတ်ကြားရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗီယက်နမ်နိုင်ငံ စီးပွားရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မြန်မာ စီးပွားရေး လုပ်ငန်းရှင်များအကြား ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေး ကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများကို ဆွေးနွေးခြင်း၊ ဈေးကွက်ချဲ့ထွင်နိုင်ရန်နှင့် နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ်ခြင်းနှင့် သတင်းအချက်အလက်များ အပြန်အလှန်ပေးပို့နိုင်ရန် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## မင်္ဂလာဦးအလှူ

**ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၆)မိုင်ခွဲ အမက(၁၀)ကျောင်းလမ်းနေ ဒေါက်တာ မိုးဇော်အောင်-ဒေါက်တာအေးချမ်းဦးတို့၏ မင်္ဂလာဦးအလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်နှင့် ဆွမ်းတစ်နေ့တာတို့အတွက် အလှူငွေကျပ်ခြောက်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၁၁-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၅ ၃။ အမျိုးသားရေး တေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၅)**
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ လျှပ်တစ်ပြက်
- ၆း၃၅ ၁၅။ Mail Box
- ၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း -၂၃)
- ၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၆)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ ရယ်စရာရွှင်စရာ ဟာသပဒေသာ -နောက်ဆုံးလူမိုက်ကြီး (မိုးယံဇွန်၊ ဇော်၊ ငြိမ်းချမ်း၊ ဗေဒါ၊ ကောင်းကျော်၊ ထက်ထက်၊ ဝိုင်းချစ်၊ စံလင်း၊ ချစ်ဖူး၊ တာဇံ၊ ရီရီပွင့်ဖြူ၊ တက္ကသိုလ်ဂွမ်းပုံ) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၃။ Internet Website ကဏ္ဍ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၈)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

○ ရှေ့ဖုံးမှ

အခြေခံပညာဆရာ၊ ဆရာမများ တက်ရောက်ကြသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အဖွင့်အမှာစကား ပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် အမိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဘက်ပေါင်းစုံတွင် နိုင်ငံတကာနှင့် ယှဉ်တွဲလျက် ဖွံ့ဖြိုးတိုးတက်စေရန် ဆရာ၊ ဆရာမများနှင့် နိုင်ငံ့ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသား လုပ်ငန်းရှင်များအပါအဝင် ပြည်သူတစ်ရပ်လုံး၏ ကိုယ်ပိုင်စွမ်းအားများကို ရယူပြီး အောင်အောင်မြင်မြင်တည်ဆောက်ပေးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်တွင် ရရှိဖြစ်ထွန်းနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ၏ အကျိုးကျေးဇူးကြောင့် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ၏ အားထုတ်စွမ်းဆောင်နိုင်မှု အမျိုးသားရေးစွမ်းအားများ ပိုမိုထက်မြက် အားကောင်းလာသည်နှင့်အမျှ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများမှာလည်း ပိုမိုမြင့်မားခိုင်မာလာစေပြီး အပြန်အလှန် အကျိုးပြုဖြစ်ထွန်းနေသည့် အခြေအနေကောင်းများလည်း ဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း။

ယခုကဲ့သို့ ရရှိဖြစ်ထွန်းနေသည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ၊ အောင်မြင်ဖြစ်ထွန်းမှု အခွင့်အလမ်းကောင်းများကို အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားနှင့်ပေါင်းစပ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို အစွမ်းကုန်မြှင့်တင်ပေးနိုင်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ဒုတိယနှစ်တို (၅)နှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ကာလကို ရောက်ရှိအကောင်အထည်ဖော်နေပြီဖြစ်ကြောင်း။

အနာဂတ်နိုင်ငံတော်ကို ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များဖြင့် တည်ဆောက်နိုင်ရေး ဖော်ဆောင်ရာတွင် အခြေခံအကျဆုံးကဏ္ဍမှ ပန္နက်ချ ပုံဖော်နေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း၏ အခြေခံပညာကဏ္ဍ မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းစွာ ပိုင်းခြားသိမြင်နားလည်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း၏ အခြေခံပညာကဏ္ဍတွင် မျှော်မှန်းချက် (၉)ရပ်ဖြင့် ချမှတ်ဖော်ဆောင်လျက်ရှိရာ မိမိတို့နိုင်ငံတော်၌ ကျင့်သုံးလျက်ရှိသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများနှင့် လိုက်လျောညီထွေမှုရှိပြီး နိုင်ငံတကာပညာရေးအဆင့်နှင့် ရင်ပေါင်တန်းနိုင်သည့် အခြေခံပညာရေးစနစ် ဖြစ်ထွန်းလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ယခုကဲ့သို့ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေသည့် ပညာရေးစနစ်ကို မျှော်မှန်းဖော်ဆောင်ရာတွင် နိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာတတ်မြောက်ပြီး တိုးတက်ပြောင်းလဲလာသည့် သိပ္ပံပညာနှင့် နည်းပညာများ အကူအညီဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် တည်ဆောက်ကာကွယ်နိုင်မည့်သူများအဖြစ် ပြုစုပျိုးထောင်ပေးကြရမည် ဖြစ်ကြောင်း။

အမျိုးသားပညာရည်မြင့်မားရေး နှစ်ရှည်စီမံကိန်း၏ အခြေခံပညာကဏ္ဍမှာ မိမိတို့နိုင်ငံ၏ အနာဂတ် လူ့အဖွဲ့အစည်းကို တစ်သက်တာသင်ယူမှုနှင့် စဉ်ဆက်ပညာရေး (Life Long Learning and Continuing Education) ၏ အကျိုးတရားကို နားလည်လက်ခံပြီး နိုင်ငံတော်နှင့် မိမိဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အစဉ်လေ့လာသင်ယူနေသော အဖွဲ့အစည်းအဖြစ် ပေါ်ထွန်းလာစေရန် မျှော်မှန်းကြိုးပမ်းလျက်ရှိကြောင်း။

တစ်ချိန်တည်းမှာပင် မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် လေ့လာသင်ယူမှုအခွင့်အလမ်းများ တစ်ပြေးညီရရှိပြီး အသက်မွေးဝမ်းကျောင်းပညာ အခြေခံဖြင့် ရွေးချယ်သင်ယူနိုင်စေရန် အခြေခံပညာကျောင်းများသည် ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ပင်မဌာနများအဖြစ် ပေါ်ထွန်းလာစေရန်ဆိုသည့် မျှော်မှန်းချက်များဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းတွင် နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့၏ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲမှုကို အာမခံနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို ကြိုးပမ်းတည်ဆောက်ပေးနေမှုများ၊ ဤအခြေခံကောင်းများ၏ စွမ်းအားဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် အနာဂတ်နိုင်ငံတော်သစ် ပေါ်ထွန်းလာစေရန် ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍစုံက ကြိုးပမ်းအကောင်အထည်ဖော်နေမှုများအား သင်တန်းသား ဆရာ၊ ဆရာမများအနေဖြင့် အမျိုးသားရေးအမြင်၊ လူမှုရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များဖြင့် ဆည်းပူးလေ့လာကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "မိမိနိုင်ငံ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးမှာ မိမိပါဝင်သည့် မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အရေးကိစ္စဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ထူထောင်ရေးတွင် နိုင်ငံသားများ၏ မြင့်မားသည့် ခံယူချက်နှင့် ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း၊ နိုင်ငံသားတိုင်းသည် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ ကာကွယ်ရေးအမြင်၊ စီမံခန့်ခွဲရေးအမြင်အပြင် နိုင်ငံတကာအမြင်ပါ ရှိနေရန်လိုအပ်ကြောင်း" လမ်းညွှန်မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ထူထောင်ရေးတွင် နိုင်ငံသားများ၏ မြင့်မားသည့် ခံယူချက်နှင့် ပူးပေါင်းဆောင်ရွက်မှုရရှိရေးအတွက် ဆရာ၊ ဆရာမများကိုယ်တိုင်ကလည်း အမျိုးသားရေးဆိုင်ရာ အမြင်များနှင့် ပြည့်စုံသည့် နိုင်ငံ့သားကောင်း သမီးမွန်များအဖြစ် ကြိုးပမ်းသွားကြရမည် ဖြစ်သကဲ့သို့ မိဘပြည်သူတစ်ရပ်လုံး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသားရေးအသိနှင့် နိုးကြားတက်ကြွစွာ ပါဝင်လာစေရေးအတွက် ပညာရေးဖြင့် ရှေ့ဆောင်မှုပေးနိုင်စေရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့သည် တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ သင်တန်းသား၊ သင်တန်းသူ၊ ဆရာ၊ ဆရာမ စုစုပေါင်း ၁၅၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဝင်းအောင်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်တို့ သင်တန်းသူ ၂၀၀ ဆံ့ နှစ်ထပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

## သင်တန်းသူ ၂၀၀ ဆံ့ နှစ်ထပ်ဆောင်သစ်နှင့် စိမ်းလဲ့ကန်သာ ဧည့်ဆောင်သစ် ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

သင်တန်းသူ ၂၀၀ ဆံ့ နှစ်ထပ်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဝင်းအောင်နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်တို့က နှစ်ထပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင် ဦးလှမြင့်ဦးက ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် ဧည့်သည်တော်များက သင်တန်းသူ ၂၀၀ ဆံ့ နှစ်ထပ်ဆောင်သစ်အတွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ရှိ "စိမ်းလဲ့ကန်သာ" ဧည့်ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ဧည့်ဆောင်သစ်ရှေ့၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်တို့က ဧည့်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဝင်းအောင်က "စိမ်းလဲ့ကန်သာ" ဧည့်ဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေး၍ ဧည့်သည်တော်များနှင့်အတူ "စိမ်းလဲ့ကန်သာ" ဧည့်ဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အထက(၄) အလုံ (ယခင်ကူရှင်ကျောင်း) ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

အထက(၄) အလုံ (ယခင်ကူရှင်ကျောင်း)၌ ၂၀၁၀ ပညာသင်နှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၄) အလုံ ပင်လုံခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ ဒေါ်ဒိုင်းရင်သာသိန်း ဖုန်း-၀၁-၆၆၃၀၄၈၊ ဒေါ်ခင်ဖြူဖြူ ဖုန်း-၀၁-၂၁၁၅၉၁၊ ဒေါ်ရှုကြည် ဖုန်း-၀၁-၂၁၀၅၄၀၊ ၀၉-၅၀၆၃၁၈၀၊ ဒေါ်ကြည်ကြည်ညွန့် ဖုန်း-၀၁-၂၂၁၄၀၆၊ ဒေါ်ခင်မေစိုး ဖုန်း-၀၁-၅၁၉၁၈၆၊ ဦးကိုကိုကြီး ဖုန်း-၀၁-၂၁၂၈၆၅၊ ၀၉-၅၀၉၉၅၂၄၊ ဦးဇော်မင်း ဖုန်း-၀၉-၅၁၃၉၇၇၉၊ ဒေါ်အေးအေးလွင် ဖုန်း-၀၉-၅၀၇၂၁၅၂၊ ဦးဝင်းကျော် ဖုန်း-၀၉-၅၁၆၂၇၀၄၊ ဒေါ်တင်သိုက်ဝင်း ဖုန်း-၀၉-၅၁၆၇၁၂၀၊ ၀၁-၂၀၂၆၇၈၊ ကိုပြည့်ဖြိုးအောင် ဖုန်း-၀၉-၅၀၉၂၂၃၄၊ ဦးကျော်နိုင် ဖုန်း-၀၁-၂၄၂၄၂၄နှင့် ဒေါ်ချိုချိုလွင် (ဒေါ်မြိုင် စတီးဆိုင်၊ မင်္ဂလာဈေး) ဖုန်း-၀၉-၅၀၁၃၂၉၂ တို့သို့ ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၄-၁၁-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသောဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၅ ၈။ "စက်မှုဇုန်မှာ ကျွန်မစက်ရုံ လာတည်တော့မယ်"
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၅ ၄။ အတီးပြိုင်ပွဲ
၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အိမ်တွင်းစီးပွား အထူးပြု)(အိမ်တွင်းစီးပွား)
၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၅ ၇။ သီချင်းကြီးပဒေသာ
၅း၀၀ ၈။ တေးဂီတအစီအစဉ်
၅း၁၅ ၉။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၅း၂၅ ၁၀။ International Science News
၅း၃၅ ၁၁။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၄၅ ၁၅။ ရွှေရင်ခုန်သံ
၇း၁၅ ၁၆။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၄၅ ၁၇။ အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတ အဖွဲ့ဖျော်ဖြေခန်း
၈း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ "ပျော်ရွှင်ရင်ခုန်ကကွက်စုံ"
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၁၂)**
၂၃။ **မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်ကြောင့် အပြစ်ရှိသူများ" (ထွန်းထွန်း၊ သင်ဇာဝင့်ကျော်၊ မိုးဟေကို၊ ခင်သီတာထွန်း) (ဒါရိုက်တာ-ကြည်ဖြူသျှင်)**
၂၄။ အစီအစဉ်ပြီး၏။

## အိမ်မဲမြို့ မြို့မကျောင်း မြတ်ဆရာပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

(၁၃)ကြိမ်မြောက် အိမ်မဲမြို့ မြို့မ (၁) အမက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မြို့မ (၁) အမက ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ တက်ရောက်အပူဇော်ခံကြရန်၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ရန်နှင့် လှူဒါန်းလိုပါက ဦးလှမြင့် ဖုန်း-၆၄၁၅၂၈၊ ဦးသက်ဦး ဖုန်း-၀၄၂-၈၅၃၃၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

## ၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း ၇၈၃ ဒသမ ၉၅ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ဘိန်းခင်း ၅၂၃ ဒသမ ၈ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

နိုဝင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် လွိုင်လင်မြို့နယ်တို့အတွင်းမှ ဘိန်းခင်း ၂၆၀ ဒသမ ၁၅ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် ဘိန်းခင်းစုစုပေါင်း ၇၈၃ ဒသမ ၉၅ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ၂၀၁၀ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ၂၀၁၀ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသည်။

အမျိုးသားအသင်းလိုက်အုပ်စုပတ်လည်ပြိုင်ပွဲ (က)အုပ်စုပြိုင်ပွဲပြီးစီးသွားရာ ရွှေဒေါင်းယဉ်တင်းနစ်ကလပ်အသင်းက သုံးပွဲကစား သုံးပွဲစလုံးနိုင်ပြီး အုပ်စု ပထမ၊ Y.C.D.C တင်းနစ်ကလပ်အသင်းက သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်သွားကြသည်။

(ခ)အုပ်စုပတ်လည်ပြိုင်ပွဲတွင် အောင်ဆုထူးပိုင် တင်းနစ်ကလပ်အသင်းက လေးပွဲကစား လေးပွဲနိုင် အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။ ယင်းအုပ်စု၏ ဒုတိယနေရာလုပွဲအဖြစ် နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် Victor Start တင်းနစ်ကလပ်နှင့် Morning Star တင်းနစ်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အနိုင်ရရှိသောအသင်းသည် အုပ်စုဒုတိယဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခွင့်ရမည် ဖြစ်သည်။

အမျိုးသားအသက်(၁၂)နှစ်နှင့်အောက် မျိုးဆက်သစ်လူငယ်တစ်ဦးချင်း အကြိုဗိုလ်လုပွဲတွင် ဖြိုးသူလွင်က သူရိန်ကျော်ကို ၆-၂၊ ၆-၁ ဖြင့် နိုင်ပြီး ဝင်းသုခန့်က လွင်မိုးကို ၆-၃၊ ၆-၃ ဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့ တက်သွားကြသည်။

အမျိုးသမီးအသက်(၁၂)နှစ်အောက် မျိုးဆက်သစ်လူငယ်တစ်ဦးချင်း အကြိုဗိုလ်လုပွဲတွင် အေးဝတ်ရည်က ဆုနဒီအိမ်ကို ၆-၁၊ ၆-၀ ဖြင့် နိုင်ပြီး မေမွန်ကျော်က ဂျင်းနီကို ၆-၂၊ ၆-၃ ဖြင့် နိုင်ကာ ဗိုလ်လုပွဲသို့ တက်သွားကြသည်။

အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများအဖြစ် နိုဝင်ဘာ ၂၄ ရက်တွင် မင်းမင်းနှင့် အိုက်ကျောက်တို့သည် လည်းကောင်း၊ တင်မျိုးဝေနှင့် ဇင်ဘိုတို့သည် လည်းကောင်း သိမ်ဖြူတင်းနစ်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ



## တာလီဘန်ခေါင်းဆောင်နှင့် ဆွေးနွေးခဲ့သည်ဆိုမှု အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း ငြင်းဆို

ကာဘူး နိုဝင်ဘာ ၂၃

[illegible]

## အမေရိကန် ချူလက်နက်သယ်ယူပို့ဆောင်ရေးဝန်ထမ်းများ အရက်သောက်သုံးမှုကြောင့် ဖြစ်ရသောပြဿနာများတွင် ပါဝင်ပတ်သက်ခဲ့

[illegible]



[illegible]



## လူ့အခွင့်အရေးချိုးဖောက်သည်ဆိုမှု အီရန်အမတ်တစ်ဦးပယ်ချ

[illegible]

## ဂျာမနီ နာဇီသံသယတရားခံ တရားစီရင်ခြင်းမပြုမီ ကွယ်လွန်

[illegible]

## ကမ္ဘောဒီးယားရိုးရာပွဲတော်အတွင်း လူအုပ်ပြိုမှုကြောင့် အနည်းဆုံး လူ ၄၀၀ ကျော်သေဆုံး

[illegible]



လူအုပ်ပြိုမှုကြောင့် လူ ၄၀၀ ကျော် သေဆုံးခဲ့ရသော ဖနွမ်ပင် [illegible]

## ပါကစ္စတန်နိုင်ငံတွင် အညစ်အကြေးလှောင်ကန် အခုံးပြိုကျရာမှ လှောင်ကန်အတွင်းပြုတ်ကျ၍ လူ ၁၄ ဦးသေဆုံး



[illegible]

## ဂိုလန်ကုန်းမြင့်နှင့် အရှေ့ဂျေရုဆလင်ဆိုင်ရာ ဥပဒေတစ်ရပ် အစ္စရေးပါလီမန် မဲခွဲ၍ပြဋ္ဌာန်း

[illegible]

# လေဖြတ်ရောဂါအကြောင်း သိကောင်းစရာ

ဒေါက်တာမြမြလေး
(ဘွဲ့လွန်ပါမောက္ခ ဦးနှောက်နှင့်အာရုံကြော)

# ပြည်နယ်နှင့် တိုင်းဒေသကြီး အခြေခံပညာအဆင့် အသက်(၁၆)နှစ်နှင့် အောက်(အမျိုးသား/အမျိုးသမီး) ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



# မြို့သာယာလှပရေးဆောင်ရွက်မှုများ စစ်ဆေး

# မြို့သာယာလှပရေး ဆောင်ရွက်

# နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် ကျောက်စိမ်းဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၃

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပသည်။**

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ၇ ရက် မြောက်နေ့တွင် နံနက် ၉ နာရီမှ စတင်၍ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချလျက်ရှိရာ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကာ အဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြပြီး ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထို့အတူ နံနက် ၉ နာရီမှစတင်၍ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ၏ အဆိုပြုလွှာများမှ တင်ဒါရရှိသူများ စာရင်းကို တာဝန်ရှိသူများက ကြေညာရာ ညနေပိုင်းတွင် တင်ဒါစနစ်ဖြင့် ကျောက်စိမ်း အတွဲပေါင်း ၁၆၀၅ တွဲ ရောင်းချရသည်။

ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် နိုဝင်ဘာ ၂၀ ရက်မှစတင် ရောင်းချခဲ့ရာ ယနေ့အထိ ကျောက်စိမ်းအတွဲပေါင်း ၄၆၅၂ တွဲ ရောင်းချနိုင်ခဲ့သည်။

ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းအထိ ဆက်လက် ရောင်းချသွားမည်ဖြစ်ပြီး ယင်းနေ့ မွန်းလွဲပိုင်းမှစတင်၍ ကျောက်စိမ်းအတွဲများကို စျေးပြိုင်စနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲကျင်းပရေး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း အမှုဆောင်အဖွဲ့ဝင်များနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ လိုက်ပါလျက် ညနေပိုင်းတွင် မဏိရတနာ ကျောက်စိမ်းခန်းမအနီးရှိ ကျောက်စိမ်းဥယျာဉ် (Jade Garden) အတွင်း ကြည့်ရှုစစ်ဆေးပြီး အပန်းဖြေ အနားယူလျက်ရှိကြသော ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ တင်ဒါပုံးအတွင်း ထည့်သွင်းထားသော ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကြသည်။

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ကာလအတွင်း ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ဗန္ဓုလ သယ်ယူပို့ဆောင်ရေးလီမိတက်မှ ပါရမီ TAXI အစီး ၁၀၀ ကို ကြိုဆိုနေရာချထားရေးနှင့် သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၏ အစီအစဉ်ဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ၂၀၁၀ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)



ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ အဆိုပြုလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံတွင် HIV/ AIDS ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးလျက်ရှိ HIV/ AIDS ဝေဒနာရှင်များအား သတ်မှတ်ထားသော အထူးကုဆေးရုံကြီးများတွင် ကုသပေးလျက်ရှိသည့်အပြင် NGO/ INGO အဖွဲ့အစည်းများကိုလည်း ကုသရန်ခွင့်ပြုပေးလျက်ရှိ ဒေါ်ဖြူဖြူသင်း ဦးစီးသည့်အဖွဲ့မှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နေအိမ်တစ်လုံးတွင် HIV/ AIDS ဝေဒနာရှင်များအား ပြုစုစောင့်ရှောက်ပေးနေမှုသည် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိသဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက တွေ့ဆုံ၍ရှင်းလင်းဆွေးနွေးမှုများပြုလုပ်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၃

**ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကျန်းမာရေးဦးစီးဌာနသည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကို အမျိုးသားကျန်းမာရေး ကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အမျိုးသားမဟာဗျူဟာစီမံကိန်းကို ရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသိပေးရှင်းလင်းဆွေးနွေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ HIV/AIDS ရောဂါ ကူးစက်ပြန့်ပွားမှုကာကွယ်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။**

ထို့ပြင် HIV/AIDS ရောဂါကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တွင် အထူးကုဆေးရုံကြီး (ဝေဘာဂီ)နှင့် မင်္ဂလာဒုံမြို့နယ်တွင် အထူးကုဆေးရုံကြီး (မင်္ဂလာဒုံ)တို့၌ လူနာများကို အပြင်လူနာ၊ အတွင်းလူနာများအဖြစ် ကုသပေးလျက်ရှိသည်။ အလားတူ ရောဂါကုသမှုခံယူပြီးနောက် ဆေးဆက်လက်သောက်ရမည့် လူနာများ တည်းခို၍ ဆေးဆက်လက်သောက်ရန် အဆင်ပြေစေရေးအတွက် ရည်ရွယ်ပြီး ၅-၈-၂၀၁၀ ရက်တွင် အထူးကုဆေးရုံ (သာကေတ)ကို ဖွင့်လှစ်ပေးခဲ့သည်။ လက်ရှိအနေဖြင့် အထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် အတွင်းလူနာ ၅၉ ဦး၊ အပြင်လူနာ ၁၅၀၊ အထူးကုဆေးရုံကြီး (မင်္ဂလာဒုံ)တွင် အတွင်းလူနာ ၅၅ ဦး၊ အပြင်လူနာ ၆၇ ဦးနှင့် အထူးကုဆေးရုံ (သာကေတ)တွင် အတွင်းလူနာ ခုနစ်ဦး၊ အပြင်လူနာ ခုနစ်ဦးတို့ကို ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် HIV/AIDS ဝေဒနာရှင်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ အထက်ပါ ဆေးရုံကြီးများ အပါအဝင် သတ်မှတ်ထားသော အထူးကု ဆေးရုံ ၃၀ တွင် လက်ခံကုသပေးနေသည်သာမက အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) အဖွဲ့ ၁၁ ဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း (INGO) အဖွဲ့ ၂၁ ဖွဲ့တို့မှလည်း ကုသပြုစုစောင့်ရှောက်ပေးနိုင်ရန် ခွင့်ပြုပေးခဲ့သည်။ INGO အဖွဲ့ဖြစ်ပါက ကျန်းမာရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး ဆောင်ရွက်ရပြီး NGO အဖွဲ့ဖြစ်ပါက ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ပြီးမှ ဆောင်ရွက်ရသည်။ ထို့အပြင် ဆေးခန်းဖွင့်လှစ်ကုသပါက ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော အဆောက်အအုံအရွယ်အစား၊ မှတ်ပုံတင်ဆရာဝန်ထားရှိမှု၊ ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော အထူးကုဆရာဝန်ကြီးများ၏ လမ်းညွှန်ကုသမှုဖြင့် လူနာများကို ဆေးဝါးထောက်ပံ့ပေးမှု စသည်တို့နှင့် ကိုက်ညီရမည့်အပြင် လစဉ်အစီရင်ခံစာကိုလည်း တင်ပြရမည်ဖြစ်သည်။

ဒေါ်ဖြူဖြူသင်း ဦးစီးသည့်အဖွဲ့မှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၈) ရပ်ကွက် ကမ္ဘောဇ(၂)လမ်း အိမ် အမှတ် (၃၇၆)တွင် HIV/ AIDS ဝေဒနာရှင်များအား လက်ခံထားရှိပြီး ပြုစုစောင့်ရှောက်လျက်ရှိကြောင်း သိရှိရသဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့် ဦးဆောင်သော ဆရာဝန်များအဖွဲ့သည် အဆိုပါနေအိမ်သို့ ၇-၇-၂၀၁၀ ရက်တွင် ပထမအကြိမ်၊ ၁၁-၈-၂၀၁၀ ရက်တွင် ဒုတိယအကြိမ် သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ယခုကဲ့သို့ လူနာများ များပြားပြီး လူနာနှင့် နေရာမမျှတခြင်းကြောင့် HIV/ AIDS ရောဂါနှင့် တွဲဖက်ဖြစ်ပေါ်နိုင်သည့် ဆေးမတိုးသော တီဘီရောဂါများ ကူးစက်နိုင်ခြင်း၊ ဘေးပတ်ဝန်းကျင် လူနေအိမ်များသို့ ကူးစက်ရောဂါများ ပြန့်ပွားစေနိုင်ခြင်းတို့ကြောင့် အထူးကုဆေးရုံ (သာကေတ)တွင် တက်ရောက်ကုသပါရန်နှင့် ၎င်းဆေးရုံတွင် ဝေဒနာရှင်များအား လက်ခံကုသပေးရန် အဆင်သင့် ပြင်ဆင်ထားပြီးဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်ဟု သိရှိရသည်။

သို့ရာတွင် အဆိုပါ နေအိမ်မှ လူနာများသည် အထူးကုဆေးရုံ (သာကေတ) သို့ လာရောက်ကုသခြင်း မရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်ဦးဆောင်သော ဆရာဝန်များအဖွဲ့သည် ၂၀-၁၁-၂၀၁၀ ရက် နံနက် ၁၀ နာရီ ၅ မိနစ်မှ ၁၀ နာရီ ၃၅ မိနစ်အထိ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ အဆိုပါနေအိမ်မှ တာဝန်ရှိသူများအား ထပ်မံခေါ်ယူတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် နေအိမ်ရှိ ဝေဒနာသည်များအနေဖြင့် စုပေါင်း၍ နေထိုင်ခြင်းသည် ကျန်းမာရေးပိုမိုဆိုးရွားလာနိုင်ကြောင်း၊ ဝေဒနာရှင်များအနက် အဆုတ်ရောဂါရှိသူ ၃၀ ခန့် ရှိနေ၍ ပတ်ဝန်းကျင်သို့ ရောဂါကူးစက်ဖြစ်ပွားလာမည်ကိုလည်း စိုးရိမ်ရကြောင်း၊ သို့ပါ၍ ယခုကဲ့သို့ ခေါ်ယူတွေ့ဆုံရခြင်း ဖြစ်ကြောင်း၊ လူနာများအနေဖြင့် အထူးကုဆေးရုံ(သာကေတ)သို့ ပြောင်းရွှေ့နေထိုင်ကုသရေးအတွက် အစစအရာရာ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆေးရုံကြီးတွင် ဆေးဝါးကုသမှုအပြင် စားသောက်ရေးကိုပါ တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ရာ အဆိုပါ နေအိမ်တာဝန်ရှိသူများက လူနာများအတွက် ယခုကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ဆိုသည်ကို သိရသဖြင့် ကျေးဇူးတင်ရှိကြောင်း၊ လူနာများ ပြောင်းရွှေ့ကုသရေးကို အဖွဲ့၏ ခွင့်ပြုချက်ရရှိပါက ပြောင်းရွှေ့ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ယခုကဲ့သို့ သွားရောက်တွေ့ဆုံ ရှင်းလင်းဆွေးနွေးခြင်းမှာ နေအိမ်တစ်လုံးတည်းတွင် HIV/ AIDS ဝေဒနာရှင်များ စုပေါင်းနေထိုင်ခြင်းသည် ကျန်းမာရေးနှင့် မညီညွတ်သည့်အပြင် ပိုမိုဆိုးရွားလာနိုင်သဖြင့် လူနာများ၏ အကျိုးအတွက်လည်းကောင်း၊ ပတ်ဝန်းကျင်ရှိ ပြည်သူများ၏ အကျိုးအတွက်လည်းကောင်း ရည်ရွယ်၍ လိုက်နာသင့်သည်များကို လိုက်နာဆောင်ရွက်နိုင်ရန်အတွက် ရှင်းလင်းဆွေးနွေးခဲ့ခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်း ကတ္တရာလမ်းများ ထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်အေးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

## အထက(၁) ဒလ မြတ်ဆရာပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ဒလမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၆၅ မှ ၁၉၈၅ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်းများက (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အမှတ် (၁၅) မြေညီထပ် လမ်း ၅၀ ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ပါ၍ အစည်းအဝေး တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ (ကြေးမုံ)

# ဂီရိ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၃

**ရခိုင်ပြည်နယ် ဆိုင်ကလုန်းမုန်တိုင်း ဂီရိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)မေခလာခန်းမ၌ အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနား ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေကိုယ်စား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် တက်ရောက်လက်ခံသည်။**

အခမ်းအနားတွင် ဂျာမနီနိုင်ငံ LOG(Wings of help) အသင်းနှင့် မြန်မာစားဖိုမှူးများအသင်း (MCA)မှ အမေရိကန်ဒေါ်လာ ၅၀၆၁၆ တန်ဖိုးရှိ အာဟာရဖြည့် အလှူပစ္စည်းများအား LOG (Wings of help) မှ President Mr. Frank Franke၊ Vice -President Mrs. Marie-Luise နှင့် MCA မှ President Mr. Oliver E Soe Thet တို့က လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် အိုးဘိုလမ်း အမှတ်(၆၉)နေ ဇနီး ဒေါ်မြကြည်၊ သား ပါမောက္ခ ဒေါက်တာ ဌေးလှိုင်စိုး၊ ဒေါက်တာမြင့်ကြိုင်စိုးနှင့် ဇနီး ဒေါ်ဝေဝေသန်း မိသားစုက အနန္တကျေးဇူးရှင် ဖခင်ကြီး ဦးတိုက်စိုး ကွယ်လွန်သည့် (၂၅)နှစ်ပြည့်အား ရည်စူး၍ အလှူငွေကျပ် ၁၅၀၀၀၀ အား လည်းကောင်း၊ ဒေါပုံမြို့နယ် မင်းနန္ဒာလမ်း အမှတ် (၂၉၄/က)ရှိ ပလက်ဝမြို့နယ် လူမှုရေးအသင်း (ရန်ကုန်)မှ လှူဒါန်းသည့် အလှူငွေကျပ်တစ်သိန်းအား ဥက္ကဋ္ဌ ဦးတင်မောင်ဦးက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ (၁၁)ရပ်ကွက် အောင်ဇေယျလမ်းနေ ဦးတင်ဝင်းနှင့် ဇနီး ဒေါ်တင်ဌေး မိသားစုက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ အမျိုးသမီးဝတ် အင်္ကျီအထည် ၅၀ ကိုလည်းကောင်း၊ MO-ASIA Co., Ltd. က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆန့်အိတ် ငါးအိတ်ကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**နိုဝင်ဘာ ၂၃ ရက်က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နှစ်(၄၀)မြောက် တပ်မတော်နေ့အထိမ်းအမှတ် ညစာခံပွဲသို့ တက်ရောက်လာသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်းနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Maj. Gen Anup Kumar Chakma ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**ဆိုင်ကလုန်းမုန်တိုင်း ဂီရိ မုန်တိုင်း ဒဏ်သင့်ပြည်သူများအတွက် ဂျာမနီနိုင်ငံ LOG (Wings of help) အသင်းနှင့် မြန်မာစားဖိုမှူးများအသင်း (MCA)မှ အမေရိကန်ဒေါ်လာ ၅၀၆၁၆ တန်ဖိုးရှိ အာဟာရဖြည့် အလှူပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် လက်ခံစဉ်။** (သတင်းစဉ်)



## အထက်ပိုင်းဒေသများ ညအပူချိန်လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂၃

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိနှင့် မွန်ပြည်နယ်တွင်နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** မင်းတပ်မြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့နှင့် ဟားခါးမြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**နိုဝင်ဘာ ၂၄ ရက် ညနေထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

## ✻ ကလေးဒေသတွင်မှ

ပန်းမွှန်ချောင်းသည် အနောက်ဘက် ချင်းတောင်ခြေရင်း ဝေဘူလကျေးရွာမှ မြစ်ဖျားခံစီးဆင်းလာခဲ့ပြီး နတ်ချောင်းရွာအနီးတွင် မြစ်သာမြစ်ထဲသို့ စီးဝင်သော တစ်ချောင်းဖြစ်သည်။ ချောင်းဖျားတွင် တောင်ယာအလုပ်ဖြင့် အသက်မွေးလုပ်ကိုင်နေထိုင်ခဲ့သော ချင်းအမျိုးသားကြီး 'ဦးပါးရ်မွာလ်'ကို အကြောင်းပြု၍ 'ပါးရ်မွာလ်ချောင်း' ဟုခေါ်ဆိုခဲ့ရာမှ 'ပန်းမွှန်ချောင်း' ဟု မြန်မာစကားအဖြစ် ဆင်းသက်လာသော ချောင်းဖြစ်သည်။

ချင်းတောင်တန်းပေါ်က မြစ်ဖျားခံ၍ စီးဆင်းလာခဲ့သော တောင်ကျချောင်းဖြစ်၍ ရေစီးသန်သည်။ ရေကျစဉ် လူ၊ လှည်း ဖြတ်ကူးလျှင် လူရောလှည်းပါ ရေထဲမျောပါလေ့ရှိသော ချောင်းဖြစ်သည်။

ယခုတော့ နိုင်ငံတော်အစိုးရက "ချောင်းတွေ့လျှင် တံတားဆောက်၊ တောင်တွေ့လျှင် လမ်းတွေဖောက်" ဆောင်ပုဒ်အရ ပန်းမွှန်ချောင်းပေါ်တွင် တံတားဆောက်ပေးနိုင်၍ ဒေသခံပြည်သူများသွားလာရေး လွယ်ကူစေခဲ့ပြီဖြစ်သည်။

ဤတံတားကြီးပေါ်မှ လူ၊ လှည်းသာမက ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ကုန်တင်ကားကြီးများ ဖြတ်သန်းသွားလာနေကြပြီ။ ဤတံတားကြီးပေါ်မှ ကလေး-မန္တလေး၊ ကလေး-မုံရွာ အဝေးပြေးကားများ ဖြတ်သန်းသွားလာနေကြပြီ။ ကလေး-ဒိုးနွယ်-တင်သား-အရှေ့စည်း လိုင်းကား၊ မှန်လုံ၊ ဟိုင်းလက်၊ ဒိုင်နာ လိုင်းကားအမျိုးမျိုး ဖြတ်ကျော်၍ လွယ်ကူစွာ သွားလာနေကြရပြီဖြစ်၍ ဒေသခံပြည်သူများအတွက် လွန်စွာအကျိုးများသော တံတားပင်တည်း။

နိုင်ငံတော်အစိုးရသည် ကျေးလက်တောရွာ နယ်စပ်ဒေသပါမကျန် တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်း၊ တံတားများကို ပန်းအလားပမာ ဖောက်လုပ်ပေးလျက်ရှိရာ ကျွန်တော်တို့ ကလေးမြို့နယ်အတွင်း၌ တံတားကြီးငယ်ပေါင်းများစွာကို ဖောက်လုပ်ပေးခဲ့ပါသည်။

ပထမဦးစွာ ကလေး-ကလေးဝလမ်းပေါ်ရှိ ဘုန်းချောင်းတံတား။ ထို့နောက် ကလေး-ဂန့်ဂေါ လမ်းပေါ်ရှိ ကမ္ဘာ့နီတံတား၊ ပန်းမွှန်ချောင်းတံတား၊ ဆည်တောရွာအနီး မြောင်းချောင်းတံတားတို့အပြင် ကလေး-ကလေးဝ-မြို့မ - ယာကြီး - မုံရွာလမ်းပေါ်ရှိ ကလေးဝတံတား(မြစ်သာ) တို့ကို နှစ်ပေါင်း ၂၀ အတွင်း ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့အပြင် ကလေး-တမူး-ကလေးဝ မိုင် ၁၀၀ ကျော် ကွာဝေးသည့် အဝေးပြေး နိုင်လွန်ကတ္တရာလမ်းမကြီးကို လည်း အိန္ဒိယ-မြန်မာ ချစ်ကြည်ရေး လမ်းမကြီးအဖြစ် အဆင့်မီ ဖောက်လုပ်ပေးနိုင်ခဲ့ပါသည်။ ယခုတစ်ဖန် ကလေး-တမူး - ကလေးဝ သုံးမြို့နယ်သွား ကားလမ်းပေါ်ရှိ နေရဥ္စယာမြစ်ဖြတ် ဖောင်ကူးတံတားကြီးကိုလည်း ထပ်မံအဆင့်မြင့် ပြုပြင်တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိပါသည်။ ထိုတံတားကြီးငယ်အသွယ်သွယ်တို့ကြောင့် ကလေးနယ်သည် ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးတိုးတက်လာခဲ့ရပြီဖြစ်သည်။

ယခင်က ကလေး-တမူး တစ်ပတ်ကြာ ခရီးသွားခဲ့ရသောလမ်းမှာ ယခုအခါ သုံးနာရီနှင့် အချိန်တို ခရီးနှင်နိုင်ပြီ။ ထိုနည်းတူ ကလေး-ကလေးဝ ၂၄ မိုင် ခရီးကို ယခင်က နေ့တစ်ဝက်၊ တစ်ရက်ကြာ သွားလာခဲ့ကြရာမှ ယခုအခါ အချိန် တစ်နာရီကျော်ကျော်နှင့် ခရီးနှင်နိုင်ပြီ။ ထို့ပြင် ကလေး-ဂန့်ဂေါ ၈၂ မိုင် ခရီးကို ယခင်က ကားဖြင့် တစ်နေကုန်သွားခဲ့ရာမှ ယခုအခါ ကားဖြင့် ၄၊ ၅ နာရီကြာမျှသာ မောင်းနှင်သွားလာနိုင်ကြပြီဖြစ်သည်။

ဤကား ကလေးဒေသတွင် ကားလမ်းများနှင့် တံတားများ တည်ဆောက်ဖောက်လုပ်ပေးနိုင်ခြင်း၏ ကျေးဇူးပင်တည်း။ လမ်းသာမှခရီးသာသည်။ လမ်းကောင်းမှ ခရီးလမ်းဖြောင့်သည်။ တိုသည်။ အချိန်ကုန်လူပန်းသက်သာ၏။ ခရီးလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းကြောင့် သွားလမ်းသာ၍ လာလမ်းပွင့်သောကြောင့် တိုင်းရင်းသားပြည်သူများ အချင်းချင်း ထိတွေ့မှုရှိကာ ရင်းနှီးမှု၊ စည်းလုံးမှု၊ ချစ်ကြည်မှု တိုးလာသည်။ ကုန်စည်စီးဆင်းမှု မြန်ဆန်လာသည်။ သယ်ယူမှုလွယ်ကူလာသည်။ လမ်းတံတား ကျေးဇူးကြောင့် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးလာရသည်။

ကလေးနယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသအချို့သည် ယခင်က လမ်းတံတားမကောင်း၍ မဖွံ့ဖြိုးမတိုးတက်ခဲ့ကြ။တစ်ရွာနှင့်တစ်ရွာ ခြေကျင်တစ်မျိုး၊ လှေ၊ လှည်း၊ မြင်းတို့ဖြင့် တစ်ဖုံသာ အားထားသွားလာခဲ့ကြရသည်။

ယခုတော့ တစ်ရွာနှင့်တစ်ရွာ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ အလီလီဖြင့် ဆက်သွယ်သွားလာနိုင်ကြပြီ။ သာရေး၊ နာရေး၊ လူမှုရေး ကိစ္စအဝဝကို တခဏနှင့် ဖြေရှင်းနိုင်ကြပြီ။ လမ်းတံတား ကျေးဇူးကား များပြားလှပါဘိ။ လမ်းတံတားများကောင်းမွန်ခြင်းဖြင့် မြို့ရွာအများအပြား ဖွံ့ဖြိုးလာလျက်ရှိပေရာ နိုင်ငံတော်က လမ်းတံတားများကို ပန်းအလား တည်ဆောက်ပေးနေသည်ကို ကျေးဇူးကမ္ဘာ များပြားစွာဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါသတည်း။ ။



**တစ်ဟုန်ထိုး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကလေးမြို့ကို တွေ့ရစဉ်။**

**ကလေးဝလမ်းပေါ်ရှိ ဘုန်းချောင်းတံတားကို တွေ့ရစဉ်။**



## ၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်
## ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

"အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကိုရှောင်ကြဉ်လို့၊
ကာကွယ်ကုသစောင့်ရှောက်စို့"

**"Stop AIDS. Keep the Promise."**
**"Avoid Stigma & Discrimination: Towards Universal Access."**



အာဆီယံ-တရုတ် ချစ်ကြည်ရေး လူငယ်ကိုယ်စားလှယ်များ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

# အာဆီယံ-တရုတ်ချစ်ကြည်ရေး လူငယ်ကိုယ်စားလှယ်များ ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၃**

အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ဆွေးနွေးဘက် ဆက်ဆံရေး (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် Cultural Trail From China to ASEAN ခေါင်းစဉ်ဖြင့်ကျင်းပမည့် အာဆီယံ-တရုတ် လူငယ်ချစ်ကြည်ရေးစခန်းချပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပရာ အဆိုပါ လူငယ်စခန်းချပွဲသို့တက်ရောက်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ လူငယ်ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ စီမံကိန်းညှိနှိုင်းသူများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အပါအဝင် ကိုယ်စားလှယ် ၅၃ ဦးတို့သည် ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီမှ တာဝန်ရှိသူများ၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

✦ **ကျောဖုံးမှ**

မိုနာ(မြို့မ)၊ အထူးဆု ကိုပေါ်(တောင်ကြီးတက္ကသိုလ်)နှင့် မောင်မောင်သန်းတို့က လည်းကောင်း၊ မီးပုံးပျံ ညမီးကြီး ညလွှတ်ပြိုင်ပွဲခေါင်းစဉ်တွင် ပထမဆု လွှမ်းနောင်၊ ဒုတိယဆု မောင်ငယ်၊ တတိယဆု စိုင်းဆန်းဝင်းဗိုလ်၊ အထူးဆု အောင်ဆန်း(တောင်ကြီး)နှင့် စိုင်းဝင်းလှိုင်ဦး (ဘုန်းဓာတ်ပုံ) တို့ကလည်းကောင်း၊ မီးပဒေသာနှင့် မသိုးသက်န်း ပူဇော်ပွဲခေါင်းစဉ်တွင် ပထမဆု ထွန်းလင်း၊ ဒုတိယဆု ဒေါ်နန်းဝိုးဖတ်၊ တတိယဆု ဂျူးဂျူး(နှင်းလွင်လွင်)၊ အထူးဆု မောင်ကြီး(ရှမ်းပြည်)နှင့် မိအောင်ဆန်းတို့က လည်းကောင်း အသီးသီး ဆွတ်ခူးရရှိကြသည်။

ယခုနှစ် ပြိုင်ပွဲတွင် ခေါင်းစဉ်အမျိုးမျိုး၌ ဝါသနာရှင်အဆင့်တွင် ပြိုင်ပွဲဝင် ၄၃ ဦးက ဓာတ်ပုံ ၂၅၉ ပုံ၊ ပညာရှင်အဆင့်တွင် ပြိုင်ပွဲဝင် ၄၂ ဦးက ဓာတ်ပုံ ၄၁၈ ပုံ စုစုပေါင်း ၆၇၇ ပုံ ပြိုင်ပွဲဝင်ရောက်ကြပြီး ဝါသနာရှင်အဆင့်တွင် လူငယ်မျိုးဆက်သစ် ဓာတ်ပုံသမားများနှင့် အပျော်တမ်း လူငယ်ဓာတ်ပုံသမားများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပညာရှင်အဆင့်ပြိုင်ပွဲတွင် တောင်ကြီးမြို့မှ နာမည်ကြီးဓာတ်ပုံသမားများနှင့် ဟိုပုံး၊ တောင်ကြီး၊ ညောင်ရွှေ၊ အောင်ပန်းတို့မှ နာမည်ရဓာတ်ပုံ ပညာရှင်များ ပါဝင်ကြသည်။ ။

# ဂျီတီအိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ဂျီတီအိုင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းထိပ် ရွှေကျင်နိကာယမဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် ဦးရန်ဝင်း (အင်းစိန်ဂျီတီအိုင်) ဖုန်း-၂၄၁၉၀၅၊ ဦးတင်အေး (ပြည်ဂျီတီအိုင်) ဖုန်း-၀၉-၅၀၀၃၇၈၂၊ ဦးတင်လှိုင် (အင်းစိန်ဂျီတီအိုင်) ဖုန်း-၅၃၀၀၁၆၊ ဦးခင်စိုး (ချောက်ဂျီတီအိုင်) ဖုန်း-၀၉-၅၁၃၆၄၈၁၊ ဦးကြည်လင်း(အင်းစိန်ဂျီတီအိုင်) ဖုန်း-၂၅၂၅၈၅၊ ဦးမြင့်နိုင် (ကလော ဂျီတီအိုင်) ဖုန်း-၀၉-၅၀၀၁၅၉၂၊ ဦးကျော်ကျော်စိုး (မန္တလေးဂျီတီအိုင်) ဖုန်း-၅၀၅၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ယခင်နှစ်များက အလှူခံဖြတ်ပိုင်းများ ထုတ်ယူကောက်ခံပေးကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အလှူခံဖြတ်ပိုင်းစာအုပ်များကို မန္တလေး (ရုံးအဖွဲ့မှူး) ဦးတင်အောင် ဖုန်း-၀၂-၆၅၁၀၁ နှင့် ရန်ကုန်(ရုံးအဖွဲ့မှူး) ဦးခင်ဇ ဖုန်း-၀၁-၅၁၉၈၆၃ တို့ထံ ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)





# ကညင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၃

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး သည် နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူတည်ဆောက်နေသည့် ကညင်ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ကညင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများဖြစ်သည့် အကြိုတည်ဆောက်ခြင်း၊ ရေစီမံ့တား ကွန်ကရစ်နံရံ တည်ဆောက်ခြင်း၊ ပင်မတမံတည်ဆောက်ခြင်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ရေအားလျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် သတ်မှတ်ချိန်ပြီးစီးရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးကာ ရှုရပ်အမြင့်ပိုင်းမှနေ၍ စီမံကိန်းလုပ်ငန်းများအား စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှု၊ ပင်မတမံကျောက်စီနေမှုများနှင့် ကညင်ချောင်း အတွင်း ကျောက်များ စုဆောင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)

ဆက်လက်၍ ချောင်းပိုင်းအတွင်း တမံပိတ်နိုင်ရန် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တည်ဆောက်နေမှုများနှင့် ချောင်းတစ်ဖက်ကမ်းမှနေ၍ ပင်မတမံ မြေသားဖို့ပြီးစီးသောအပိုင်းကို ကျောက်စီနေမှု၊ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက် သွားကြရန် မှာကြားသည်။

ကညင်ရေလှောင်တမံသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီး ကညင်ချောင်းပေါ်၌ တမံအမြင့် ၁၉၄ ပေ၊ တမံအလျား ပေ ၃၇၅၀၊ ကုန်းကျောတမံများ အလျားပေ ၂၈၅၀ ရှိ မြေသားတမံ အမျိုးအစားဖြစ်သည်။ ယခု နိုဝင်ဘာ ၂၀ ရက်ထိ တမံမြေကြီးလုပ်ငန်း ၇၉ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင် တည်ဆောက်မှု လုပ်ငန်းများမှာလည်း ယခုအခါ လုပ်ငန်းပမာဏအားလုံး၏ ၆၅ ရာခိုင်နှုန်းပြီးစီးပြီး ရေပိုလွှဲမှာလည်း ကွန်ကရစ်လုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးကာ ရေသောက်စနစ်မှာလည်း လုပ်ငန်းပမာဏ၏ ၁၉ ရာခိုင်နှုန်းနှင့် တူးမြောင်းအဆောက်အအုံ ၁၁ ခု ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကညင်ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက ရေ ၁၄၈၈၀၀ ဧကပေ သိုလှောင်နိုင်မည်ဖြစ်ပြီး အင်္ဂပူမြို့နယ်အတွင်း စိုက်ပျိုးမြေဧရိယာဧက ၂၅၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည့်အပြင် ရေအားလျှပ်စစ် ငါးမဂ္ဂါဝပ် ရရှိမည်ဖြစ်သည့်အတွက် ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၂၆)လမ်းနေ ကွယ်လွန်သူများဖြစ်ကြသော ဖေဖေ ဦးတင်ဦး၊ မေမေ ဒေါ်ကြင်ခ၊ အစ်ကို ဦးစိုးတင့်ဦး၊ မမ ဒေါ်ခင်စန်းဦး၊ ညီမ ဒေါ်လှဲ့လှဲ့ဦး၊ မောင် ဦးခင်ဇော်ဦးတို့အား ရည်စူး၍ သား ဦးခင်မောင်ဦး၊ သမီး ဒေါ်နွဲ့နွဲ့ဦးနှင့် ကျန်ရစ်သူမိသားစုက ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

# အထက(၁) တောင်ဥက္ကလာပ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

တောင်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

၁၉၅၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် သက်ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်း၌ အနည်းဆုံး လုပ်သက်တစ်ဆက်တည်း သုံးနှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာတွင် အသက်(၆၀)ပြည့်(အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ တက်ရောက်ပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးသိန်းလွင် ဖုန်း-၅၇၃၆၆၉၊ ၀၉-၅၁၈၉၉၄၂၊ ဦးကျော်စန်းလင်း ဖုန်း-၅၇၇၉၇၇၊ ၀၉-၅၀၁၇၀၇၂၊ ဦးသိန်းထွန်း(ဘာဘာ) ဖုန်း-၀၉-၅၀၃၅၄၃၂၊ ဒေါက်တာမြင့်သောင်း ဖုန်း-၅၆၂၄၉၉၊ ၀၉-၅၀၄၆၆၀၃၊ ဦးမြသန်း ဖုန်း-၀၉- ၅၀၉၅၆၇၁နှင့် ဦးလှဝင်း ဖုန်း-၅၇၁၇၂၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၄-၁၁-၂၀၁၀ (ဗုဒ္ဓဟူးနေ့)**

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "တရားအစွမ်းအံ့မခန်းဒေသနာ" တရားတော် (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
- ၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၄)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၀)**
- ၈:၄၀ Activities In The City (အချော့ကြိုက်တဲ့ မောင့်ရွှေစင်ဦးနှင့် ပန်းသုံးပွင့်အလွမ်းအိမ်စီးရီး မိတ်ဆက်)
- ၉:၀၀ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၉:၃၀ အရည်အသွေးမြင့်ထုတ်ကုန် လှိုင်းတက်စည်သွပ်စက်ရုံ
- ၉:၅၀ အားကစားမြင်ကွင်းစုံ
- ၁၀:၁၅ အေးချမ်းသောအလှ စွဲမက်ဖွယ် မြင်ကွင်းများနှင့်ရေခဲတောင်မြေ
- ၁၀:၅၀ ဓာတ်ပုံထဲမှအမှတ်တရများ (ဩရသ)
- ၁၁:၁၅ သင်ယူလေ့လာဂီတပညာ (Audio Engineering Module 03; Basic Multi Track Recording) (Part-1)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၃၃)
- ၁၂:၀၅ ရန်ကုန်မြင်ကွင်းကျယ် (Shop Floor Management)
- ၁၂:၂၀ ရွှေချယ်အစုံစုံရင်သွေးရိပ်မြုံ (ရင်သွေးရတနာပျိုးခင်း)
- ၁၂:၄၀ သက်ကြီးမသန်စွမ်းကျောင်း၏ အသက်မွေးမှုပညာရပ်များ
- ၁၂:၅၀ ဆူးလေစေတီတော် ဘက်စုံမွမ်းမံ ပြန်လည်တည်ဆောက်ရေး
- ၁:၀၀ "တရားအစွမ်းအံ့မခန်းဒေသနာ" တရားတော် (ရေနံချောင်းဆရာတော် ဘဒ္ဒန္တဇနိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း [ဘတ်(စ်)ကားစီးတာကောင်းတယ်၊ ဘတ်(စ်)ကားမစီးတာကောင်းတယ်]
- ၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၄)**
- ၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၁)**
- ၄:၅၅ လမ်းကလေးပေါ်မှာ စည်းချက်ညီညီမောင်းကြစို့
- ၅:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၃၃)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ သင်ကြားရေးလမ်းညွှန် (Nexus English School)
- ၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၅)**
- ၇:၂၀ Cartoon Show Time (James And The Giant Peach)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဂီတသမားတို့ရဲ့ရင်ခုန်သံများ (ခိုင်မြဲသာ-Tri)
- ၉:၀၀ Celebrity Style (သင်ဇာဝင့်ကျော်)
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၂)**
- ၁၀:၁၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့ နားခိုရာ-မယ်လိုဒီ)
- ၁၀:၃၅ ရွှေဖြစ်မည့်ရတနာအစစ်. . .
- ၁၀:၄၅ ဖန်တီးသူနှင့်အနုပညာ (ချမ်းချမ်း)(အပိုင်း-၂)
- ၁၁:၁၅ ကလေးများအတွက် ပါးစပ်ထဲမှသွားကလေးများ အကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
- ၁၁:၃၀ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
- ၁၁:၅၅ Say It In English
- ၁၂:၀၅ စွဲမက်ဖွယ်ရာရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)
- ၁၂:၃၅ ဘဝများ (ဗေလုဝ)
- ၁:၀၅ World of Knowledge (Mega Fish)
- ၁:၅၅ ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်. . .
- ၂:၀၅ မျှော်လင့်ခြင်း၏ အလင်းရောင်သစ်
- ၂:၃၅ နတ်လူသာဓုခေါ် စေသောဝ် (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)
- ၂:၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၃:၅၅ စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
- ၄:၁၅ The Race of Dragon Boats
- ၅:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း အမ်း-မင်းဘူးကားလမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၃

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၁၅ ရက်တွင် အမ်း-မင်းဘူး ကားလမ်းတစ်လျှောက် လမ်း၊ တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များမှာကြား၍ တောင်စောက်ကျေးရွာနှင့် ပတ်ကွေ့ကျေးရွာအကြား အမ်း- မင်းဘူး ကားလမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူတို့အား လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။**

တိုင်းမှူးသည် နိုဝင်ဘာ ၁၇ ရက်တွင် အမ်း-စစ်တွေ ကားလမ်းတစ်လျှောက် လမ်းတံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြေပုံမြို့နယ် ကျီးခေါင်းတောင်ကျေးရွာသို့ ရောက်ရှိခဲ့ပြီး ကျေးရွာအတွင်း ဆိုင်ကလုန်းမုန်တိုင်း ဂီရိတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့မှုများအပေါ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒေသခံကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် အိမ်အမိုးတာလပတ်စများကို တာဝန်ရှိသူတစ်ဦးထံ ပေးအပ်ခဲ့သည်။

တိုင်းမှူးသည် နိုဝင်ဘာ ၁၈ ရက်တွင် တာဝန်ရှိသူများနှင့်အတူ မြေပုံမြို့ သဲတန်းရပ်ကွက်ရှိ သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ယာယီသစ်အရောင်းဆိုင်၌ လေဘေးသင့်ပြည်သူများအတွက် သစ်များရောင်းချပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဆိုင်ကလုန်းမုန်တိုင်း ဂီရိဒဏ်ခံရေလုပ်ငန်းပြန်လည်ထူထောင်ရေး လှေတည်ဆောက်ရေးအလုပ်ရုံသို့ ရောက်ရှိကာ လှေတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြေပုံမြို့နယ်အတွင်း အဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် မြေပုံမြို့ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဆိုင်ကလုန်းမုန်တိုင်း ဂီရိတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သော အဆောက်အအုံများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ပေါက်တောမြို့နယ်အတွင်း လေဘေးသင့်အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးအတွက် တာဝန်ရှိသူတို့အား လိုအပ်သည်များကို မှာကြားကာ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် အိမ်အမိုးတာလပတ်စများကို တာဝန်ရှိသူတစ်ဦးထံ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့သည် ပေါက်တောမြို့ ဆိပ်ကမ်းအနီး ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ရေလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လှေတည်ဆောက်ရေး အလုပ်ရုံသို့ သွားရောက်၍ လှေများတည်ဆောက်နေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူတို့အား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲများနှင့် ဘဏ်သင်တန်းကျောင်း

## ဝန်ကြီး ဦးလှထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၃

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်းသည် နိုဝင်ဘာ ၂၂ ရက်နံနက်ပိုင်းတွင် မန္တလေးမြို့မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)၌ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများအတွက် ဘဏ်လုပ်ငန်း ဆောင်ရွက်ရာတွင် တိကျမှန်ကန်မြန်ဆန်သည့် ဘဏ်လုပ်ငန်းဆောင်ရွက်မှုတို့ဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန် မှာကြားသည်။**



ထို့နောက် မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂)သို့ ရောက်ရှိစစ်ဆေးရာ ဘဏ်ခွဲမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန် ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာရေး၊ ငွေရေးကြေးရေး ကဏ္ဍမှ အင်တိုက်အားတိုက် ဆောင်ရွက်ကြရေးမှာကြားသည်။

**မှာကြား**

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ် မန္တလေးတိုင်းဒေသကြီး မန်နေဂျာရုံးသို့ ရောက်ရှိရာ တိုင်းဒေသကြီးမန်နေဂျာနှင့် တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြချက်များအပေါ် ဝန်ကြီးက ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို အကျိုးရှိစွာ အသုံးပြု၍ ဘဏ်လုပ်ငန်းဆောင်ရွက်မှုများကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်သွားကြရေး၊ လုပ်ငန်းလျှာထားချက် ပြည့်မီစေရေး၊ ရည်မှန်းချက်တာဝန်များ အောင်မြင်မှုရရှိစေရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း (မန္တလေး)၌ မြန်မာနိုင်ငံဘဏ်များအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်း အမှတ်စဉ်(၃)တွင် ဘဏ်လုပ်ငန်းနှင့် စီးပွားရေးပညာဆိုင်ရာ သင်တန်း သင်ကြားပို့ချနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား ဘဏ်လုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းသွားရန် မှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကြည့်ရှုစစ်ဆေး**

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)၌ ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# အမြို့မြို့အနယ်နယ်တွင် ဖွံ့ဖြိုးစည်ပင်



**သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့တွင်းရွှေဘုံသာဘုရားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းခွင်၌ အမှုဆောင်အရာရှိ ဦးမြလင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲမြင့်ထွန်းတို့က ကွင်းဆင်းကြီးကြပ်ပေးစဉ်။**

(မြို့နယ်စည်ပင်)



**ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီး မီးဘေးကြို တင်ကာကွယ်ရေးအတွက် ဈေးရေစင်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးမောင်မောင်လွင် ကြီးကြပ်ပေးစဉ်။**

(မြို့နယ်စည်ပင်)



**အောင်လံမြို့တွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေမြောင်းများအတွင်း အမှိုက်များ၊ ရေဆိုးများမရှိစေရေးအတွက် တူးဖော်ရှင်းလင်းသည့်လုပ်ငန်းကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးဟိန်း ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)



**ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဂါလန် ၂၄၀၀ ဆံ့၊ အမြင့် ၂၄ ပေရှိ ကွန်ကရစ်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းအား ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆန်းလင်းတို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# မြို့သာယာလှပရေးနှင့် မီးဘေးကာကွယ်ရေး ဆောင်ရွက်

**ဝိုင်းမော် နိုဝင်ဘာ ၂၃**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးကြည်တင်သည် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

# ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

၂၀၁၀ ခုနှစ် ပဉ္စမအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ရိုးရာလက်ဝှေ့ (က)အဆင့်နှင့် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး လူသစ်တန်း (ဂ)၊(ခ)အဆင့် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ အုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ဗိုလ်လုပွဲများအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပွဲစဉ်အသီးသီးတွင် အနိုင်ရရှိကြသော အားကစားသမားများနှင့် အကောင်းဆုံးအားကစားသမားဆုရရှိကြသော လူသစ်တန်းမှ ရဲမြတ်အောင်(ရန်ကုန်)၊ (ဂ)အဆင့်ပြိုင်ပွဲမှ ညီညီနိုင်(ရန်ကုန်)၊ (ခ)အဆင့်ပြိုင်ပွဲမှ အောင်စိုးဟိန်း(ကရင်)နှင့်(က)အဆင့်ပြိုင်ပွဲမှ ရန်နိုင်လင်း(ရန်ကုန်)တို့အား မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လူသစ်တန်း တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် (ဂ)အဆင့်နှင့် (ခ)အဆင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ကရင်ပြည်နယ်အသင်းတို့အား မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်က တံခွန်စိုက်ဒိုင်းဆုများနှင့် ဆင့်ပွားဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က စွယ်စုံတံခွန်စိုက် ဒိုင်းဆုရရှိသော ကရင်ပြည်နယ်အသင်းနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဒိုင်းဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၄-၁၁-၂၀၁၀ ရက်တွင် Asia Green Development Bank (AGD Bank) အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်၏ ရန်ကုန်မြို့၊ (လမ်းမတော်ဘဏ်ခွဲ)အား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

J & J Co.,Ltd
J-Donut
Asia Petroleum Co.,Ltd


## နိုင်ငံတကာအားကစား

## ဆန်းဒါးလန်း-အဲဗာတန် တစ်မှတ်စီခွဲယူ

**လန်ဒန် နိုဝင်ဘာ ၂၃**

ပရီမီယာလိဂ် ပွဲစဉ်(၁၄)၏ လက်ကျန်ပွဲတစ်ပွဲဖြစ်သည့် ဆန်းဒါးလန်းနှင့် အဲဗာတန်တို့ပွဲကို အင်္ဂါနေ့ နံနက်ပိုင်းက အလင်းရောင်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျသွားခဲ့သည်။

အိမ်ရှင်ဆန်းဒါးလန်းအသင်း၌ ရစ်ချက်ဆင်၊ တူနာ၊ ဖာဒီနန်၊ ကက်တာမိုး၊ ဇင်ဒန်း၊ ဟန်ဒါဆင်၊ ဒါရင်ဘန့်၊ ဝဲလ်ဘတ် စသည့် အမာခံကစားသမားများပါဝင်ခဲ့သည်။ အဲဗာတန်တွင်လည်း ဘိန်းနပ်စ်၊ ဂျာဂျီကာ၊ ဒစ်တင်၊ နဗီးလ်၊ အာတီတာ၊ တင်ကာဟေးလ်၊ ပီနား၊ ဆာဟာတို့ဖြင့် လူစုံခဲ့သည်။

အဲဗာတန်အတွက် ဦးဆောင်ဂိုးကို ပထမပိုင်းပွဲအစ ၆ မိနစ်မှာပင် တင်ကာဟေးလ်က သွင်းယူနိုင်ခဲ့သည်။ သို့သော် ပွဲချိန် ၂၃ မိနစ်နှင့် မိနစ် ၇၀ တို့တွင် လူငယ်တိုက်စစ်မှူး ဝဲလ်ဘတ်တစ်ဦးတည်းက ဆန်းဒါးလန်းအတွက် နှစ်ဂိုး ပြန်လည်သွင်းယူပေးခဲ့သည်။ ထိုသို့ ဆန်းဒါးလန်းအသင်းအိမ်ကွင်းတွင် အမှတ်ပြည့်ရရန် အခြေအနေကောင်းနေခဲ့သော်လည်း အဲဗာတန်ကွင်းလယ်ကစားသမား အာတီတာက ပွဲချိန် ၈၃ မိနစ်တွင် ချေပဂိုးသွင်းယူခဲ့၍ ပွဲအပြီးတွင် တစ်မှတ်စီခွဲယူလိုက်ရသည်။



**အဲဗာတန်အတွက် နောက်ကျဂိုးဖြင့် သရေတစ်မှတ်ရယူပေးခဲ့သည့် အာတီတာအား ဂိုးသွင်းပြီးနောက် တွေ့ရစဉ်။**

### ပရီမီယာလိဂ်ပွဲစဉ်(၁၄)အပြီး အသင်းများ၏ရပ်တည်မှု

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁။ | ချယ်လ်ဆီး | ၁၄ | ၉ | ၁ | ၄ | ၂၈ |
| ၂။ | မန်ယူ | ၁၄ | ၇ | ၇ | ၀ | ၂၈ |
| ၃။ | အာဆင်နယ် | ၁၄ | ၈ | ၂ | ၄ | ၂၆ |
| ၄။ | မန်စီးတီး | ၁၄ | ၇ | ၄ | ၃ | ၂၅ |
| ၅။ | ဘော်လ်တန် | ၁၄ | ၅ | ၇ | ၂ | ၂၂ |
| ၆။ | စပါး | ၁၄ | ၆ | ၄ | ၄ | ၂၂ |
| ၇။ | ဆန်းဒါးလန်း | ၁၄ | ၄ | ၈ | ၂ | ၂၀ |
| ၈။ | စတုတ်စီးတီး | ၁၄ | ၆ | ၁ | ၇ | ၁၉ |
| ၉။ | လီဗာပူး | ၁၄ | ၅ | ၄ | ၅ | ၁၉ |
| ၁၀။ | နယူးကာဆယ် | ၁၄ | ၅ | ၃ | ၆ | ၁၈ |
| ၁၁။ | ဘလက်ဘန်း | ၁၄ | ၅ | ၃ | ၆ | ၁၈ |
| ၁၂။ | ဘလက်ပူးလ် | ၁၄ | ၅ | ၃ | ၆ | ၁၈ |
| ၁၃။ | ဗီလာ | ၁၄ | ၄ | ၅ | ၅ | ၁၇ |
| ၁၄။ | အဲဗာတန် | ၁၄ | ၃ | ၇ | ၄ | ၁၆ |
| ၁၅။ | ဘာမင်ဂမ် | ၁၄ | ၃ | ၇ | ၄ | ၁၆ |
| ၁၆။ | ဝက်စ်ဘရွန်း | ၁၄ | ၄ | ၄ | ၆ | ၁၆ |
| ၁၇။ | ဖူလ်ဟမ် | ၁၄ | ၂ | ၈ | ၄ | ၁၄ |
| ၁၈။ | ဝီဂန် | ၁၄ | ၃ | ၅ | ၆ | ၁၄ |
| ၁၉။ | ဝုလ်ဗာဟမ်တန် | ၁၄ | ၂ | ၃ | ၉ | ၉ |
| ၂၀။ | ဝက်စ်ဟမ်း | ၁၄ | ၁ | ၆ | ၇ | ၉ |

**အင်တာနက်။**

## ဇီဒန်းအား ရီးယဲလ်၏အထူးအကြံပေးအဖြစ်ခန့်အပ်

**မက်ဒရစ် နိုဝင်ဘာ ၂၃**

စပိန်လာလီဂါတွင် အမှတ်ပေးဇယား ထိပ်ဆုံး၌ ရပ်တည်နေသည့် ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ၎င်းတို့၏ ကစားသမားဟောင်းဖြစ်သူ ပြင်သစ်နိုင်ငံသား ဇီဒန်းအား အသင်း၏ အထူးအကြံပေးအဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

ဇီဒန်းအား ရီးယဲလ်မက်ဒရစ် အသင်း၏ အထူးအကြံပေးအဖြစ် ခန့်အပ်မှုအပေါ် နည်းပြမော်ရင်ဟိုက "ဇီဒန်းကို ခန့်အပ်ခဲ့တာဟာ အသင်းဥက္ကဋ္ဌ၊ ကျွန်တော်အပါအဝင် အသင်းသားတွေအားလုံး သဘောတူခဲ့ကြလို့ပါ။ သူ့အနေနဲ့ အသင်းကို အကောင်းဆုံး ထောက်ပံ့ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီကိစ္စအတွက် ပရိသတ်တွေရဲ့ ဆန္ဒကို မခံယူခဲ့ပေမယ့် ကန့်ကွက်မယ့်သူ မရှိလောက်ဘူးလို့ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။ ဇီဒန်းကမူ "မော်ရင်ဟိုနဲ့ ဘယ်လို ပူပေါင်းမလဲဆိုတာ နောက်ပိုင်းကျရင် ထုတ်ဖော်ပြောမှာပါ။ ဒါပေမယ့် မော်ရင်ဟိုက အရည်အချင်းရှိပြီး တကယ်တော်တဲ့ နည်းပြကောင်းတစ်ယောက် ဖြစ်တာကြောင့် ကျွန်တော့်အကူအညီ များများစားစား လိုမယ်မထင်ပါဘူး" ဟု ပြောကြားသည်။ **အင်တာနက်။**



**ရီးယဲလ်မက်ဒရစ်အသင်း၏ အထူးအကြံပေး ဖြစ်လာသည့် ဇီဒန်း။**

အသင်းဥက္ကဋ္ဌဖြစ်သူ အနုရာဒါဒီဆေးကမူ အာဆင်နယ်အသင်းကို ဥပမာပေး၍ အီဝုဒ်ပတ်ခ်ကိုလည်း ဗန်ကီကွင်း(သို့) အခြားစပွန်ဆာနာမည် တစ်ခုခုပေးခွင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **အင်တာနက်။**

## ဘလက်ဘန်း၏ အီဝုဒ်ပတ်ခ်ကို အမည်ပြောင်းရန်စီစဉ်

**လန်ဒန် နိုဝင်ဘာ ၂၃**

အင်္ဂလိပ်ပရီမီယာလိဂ်တွင် ပွဲစဉ်(၁၄)အပြီး၌ အမှတ်ပေးဇယား အဆင့်(၁၁) တွင်ရပ်တည်နေသည့် ဘလက်ဘန်းအသင်းကို အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့် ဗန်ကာတက်ရှ်နှင့် ဘလာဂျီရာအိုတို့ ညီအစ်ကိုနှစ်ဦးက ဝယ်ယူပြီးနောက် ဘလက်ဘန်း၏ အိမ်ကွင်းဖြစ်သည့် အီဝုဒ်ပတ်ခ်ကို အမည်ပြောင်းရန် စီစဉ်လျက်ရှိနေကြကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဗန်ကီလုပ်ငန်းစု၏ ဒါရိုက်တာများ ဖြစ်သည့်အဆိုပါညီနောင်သည် ဘလက်ဘန်းအသင်းကို မူလပိုင်ရှင်ဖြစ်သည့် ဂျက်ဝေါလ်ကာမိသားစုထံမှ ပြီးခဲ့သည့် သောကြာနေ့က ပေါင် ၄၆ သန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ နှစ်ပေါင်း၁၂၀ ကျော်ကြာ အသုံးပြုလာခဲ့ပြီးဖြစ်သည့် အီဝုဒ်ပတ်ခ်ကို ပိုင်ရှင်သစ်များက ၎င်းတို့၏ စီးပွားရေးလုပ်ငန်းစုနာမည်ဖြစ်သော ဗန်ကီအမည်သို့ ပြောင်းလဲရန်စီစဉ်နေသည်။ ယင်းကိုဘလက်ဘန်း ပရိသတ်အများစုက မလိုလားကြကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြထားသည်။ သို့သော်



**ဘလက်ဘန်း ပိုင်ရှင်သစ်များဖြစ်သည့် ဗန်ကာတက်ရှ်နှင့် ဘလာဂျီရာအို။**

## ဝုလ်ဗာဟမ်တန်အသင်းခေါင်းဆောင် ကားလ်ဟင်နရီ နှစ်လခန့်နားရမည်

**လန်ဒန် နိုဝင်ဘာ ၂၃**

ဝုလ်ဗာဟမ်တန်အသင်း၏ အသင်းခေါင်းဆောင် ကားလ်ဟင်နရီသည် ဒူးဒဏ်ရာ ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ခြင်းကြောင့် နှစ်လခန့် အနားယူရတော့မည်ဖြစ်သည်။

အသက်(၂၈)နှစ်ရှိ ကားလ်ဟင်နရီသည် ပြီးခဲ့သည့် စနေနေ့က ပရီမီယာလိဂ်ပွဲစဉ်(၁၄)အဖြစ် ဘလက်ပူးလ်အသင်းနှင့် ကစားသည့်ပွဲတွင် အဆိုပါဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ အနီကတ်ပြစ်ဒဏ်ကြောင့် ပွဲပယ်ခံထားရသည့် ကားလ်ဟင်နရီမှာ ယခုပွဲတွင်မှ အသင်းတွင် ပြန်လည်ပါဝင်လာခဲ့သော်လည်း ဒူးဒဏ်ရာကြောင့် နှစ်လခန့် ထပ်မံနားရတော့မည်ဖြစ်ခြင်းကြောင့် ဝုလ်ဗာဟမ်တန်အသင်းအတွက် အဆိုးရွားဆုံး ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့ရသည်။ လက်ရှိပရီမီယာလိဂ်ပွဲစဉ်(၁၄)အပြီးတွင် ဝုလ်ဗာဟမ်တန်အသင်းမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ကိုးပွဲရှုံး ရမှတ် ကိုးမှတ်ဖြင့် အဆင့်(၁၉)သို့ရောက်ရှိနေပြီဖြစ်သည်။

**အင်တာနက်။**

**ဝင်းတင် (ကြေးမုံ)**

## ချယ်လ်ဆီးမှ ထွက်မည်ဆိုသည့် သတင်းများကို အန်ဆန်လော့တီ ငြင်းဆို

လန်ဒန် နိုဝင်ဘာ ၂၃

**အသင်းတွင် စိတ်ကြိုက်အုပ်ချုပ်ခွင့်မရသဖြင့် ချယ်လ်ဆီး မန်နေဂျာ အန်ဆန်လော့တီ နုတ်ထွက်တော့မည်ဟူသော သတင်းများကို ၎င်းက ပယ်ချလိုက်သည်။**

ပြီးခဲ့သည့်အပတ်က ချယ်လ်ဆီးအသင်းသည် သူ၏လက်ထောက် ရေးဝီလ်ကင်ဆင်အား အံ့ဩဖွယ် ထုတ်ပယ်ခဲ့ပြီး ဘာမင်ဂမ်ကို အဝေးကွင်းတွင် ၁-၀ ဖြင့် ရှုံးကာ ပရီမီယာလိဂ် တတိယရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

တနင်္လာနေ့ထုတ် ဆန်းသတင်းစာက အန်ဆန်လော့တီသည် ချယ်လ်ဆီး၏ အဓိကပြိုင်ဘက် မန်ယူအသင်းမှ မန်နေဂျာ ဖာဂူဆန်နှင့် သူ၏ အသင်း၌ ထိန်းချုပ်ခွင့်ရသည့် အနေအထား မတူညီမှုကို မကျေမနပ်ဖြင့် နှိုင်းယှဉ်ပြောခဲ့သည်ဟု ထုတ်ဖော်ရေးသားခဲ့သည်။

အန်ဆန်လော့တီက နုတ်ထွက်မည်၊ အင်္ဂလန် လိဂ်မန်နေဂျာများအသင်း (LMA) ကို အကူအညီတောင်းထားသည်ဆိုသည့် ကောလာဟလများကို ဇီလီနာနှင့် ကစားရမည့် ချန်ပီယံလိဂ်ပွဲ မတိုင်မီ တနင်္လာနေ့တွင်ပင် ငြင်းဆိုလိုက်သည်။

"ကောလာဟလတွေဟာ လုံးဝမမှန်ပါဘူး။ ဒီသတင်းတွေ ဘယ်က ထွက်လာမှန်းလည်း မသိဘူး။ LMA နဲ့လည်း ဘာမှ မပြောထားပါဘူး။"

"ဒီအသင်းနဲ့ ကျွန်တော် ၂၀၁၂ အထိ စာချုပ်ရှိနေပါတယ်။ ဒီအသင်းမှာ ကျွန်တော် ဆက်ရှိနေချင်သေးတယ် ဆိုတာလည်း ကျွန်တော် မကြာခဏ ပြောခဲ့ပြီးဖြစ်ပါတယ်"ဟု သူက ဆိုသည်။

သူကချယ်လ်ဆီးတွင် သူ၏ အနေအထားမှာ ရှင်းရှင်းလေးသာဖြစ်ကြောင်း၊ နည်းပြတစ်ယောက်ဖြစ်သဖြင့် အသင်းကို အကောင်းဆုံး အခြေအနေတွင် ရှိအောင် လေ့ကျင့်နည်းပြပေးရမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**ဦးဆောင်နေနိုင်**

"စိတ်ပျက်တယ်ဆိုတာက အသင်းက နောက်ဆုံးလေးပွဲမှာ သုံးပွဲရှုံးနိမ့်သွားလို့ပါ။ ဒါက ကျွန်တော့်အတွက်၊ ကစားသမားတွေအတွက်၊ အသင်းအတွက်နဲ့ ကျွန်တော့် ရာထူးအတွက်ပါ ကောင်းတဲ့ အရာတော့ မဟုတ်ဘူး။"

အောက်တိုဘာအကုန်တွင် မန်ယူနှင့် အာဆင်နယ်ကို ငါးမှတ်ဖြတ် ဦးဆောင်နေနိုင်ခဲ့သော ချယ်လ်ဆီးသည် ယခုအခါ ဂိုးကွာခြားချက်ဖြင့်သာ ဦးဆောင်နေနိုင်တော့သည်။

**အင်တာနက်။**

**စိုးတင့် (NLM)**

## စပါးနဲ့ပွဲကို အဓိကကစားသမားများမပါဘဲ ဝါဒါဘရီမင် ရင်ဆိုင်ရမည်

**ဘရီမင် နိုဝင်ဘာ ၂၃**

အခြေအနေဆိုးနှင့် ရင်ဆိုင်နေရသည့် ဝါဒါဘရီမင်အသင်းသည် ဒဏ်ရာနှင့် ပွဲပယ်ပြဿနာများကြောင့် ကြာသပတေးနေ့မနက် စပါးနှင့် ကစားရမည့် ချန်ပီယံလိဂ်ပွဲကို အဓိကကစားသမားများ မပါဝင်ဘဲ ယှဉ်ပြိုင်ကစားရတော့မည် ဖြစ်သည်။

ဒဏ်ရာရကစားသမားများစာရင်းတွင် နောက်ကျောဒဏ်ရာရရှိထားသော ခံစစ်မှူး ဆီဗက်စ်တြာနှင့် ပေါင်ဒဏ်ရာရရှိထားသော တိုက်စစ်ကစားသမား အာနောက်တိုဗစ်တို့ ပါဝင်နေပြီး အသင်းခေါင်းဆောင် တော်စတင်ဖရင်းမှာမူ ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်ခွင့်ရမည်မဟုတ်ပေ။

**ရှုံးကန်နေရ**

ဝါဒါဘရီမင် အသင်းသည် ချန်ပီယံလိဂ် အုပ်စု(က)၏ အောက်ဆုံးအဆင့် လေးနေရာတွင် ရှုံးကန်နေရသည်။ ဝါဒါဘရီမင်သည် နှစ်မှတ်သာ ရရှိထားသေးသဖြင့် စပါးနှင့်ပွဲကို အနိုင်မရရှိပါက ချန်ပီယံလိဂ် အုပ်စုအဆင့်မှပင် ထွက်ရတော့မည်ဖြစ်သည်။

**အင်တာနက်။**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
# မန္တလေးအဝေးသင်တက္ကသိုလ်
## ဒွိဒသမအကြိမ်မြောက်ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ မန္တလေးအဝေးသင်တက္ကသိုလ်၏ ၂၀၀၈ ပညာသင်နှစ်၊ ၂၀၀၈ ခုနှစ် အောက်တိုဘာ/နိုဝင်ဘာလများတွင် ကျင်းပခဲ့ပြီးသော ဝိဇ္ဇာတွဲ၊ သိပ္ပံတွဲ၊ ဥပဒေတွဲ စာမေးပွဲများကို အောင်မြင်ပြီး ဘွဲ့တက်ရောက်ယူရန်လျှောက်ထားပြီးသော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေး တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာ့ဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံ (အမျိုးသား)အနက်မှ မိမိကြိုက်နှစ်သက်ရာ ဝတ်စုံအပြည့်အစုံဝတ်ဆင်၍ အောက်ဖော်ပြပါအစီအစဉ်အတိုင်း တက်ရမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ကြမည့် ကျောင်းသူ ကျောင်းသားများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်မှုများကိုသာ ဝတ်ဆင်ကြရန်နှင့် မြန်မာ့အသွင်ပျောက်နေသည့် ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်လာသူများကို အစမ်းလေ့ကျင့်ပွဲအပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၃။ **ဒွိဒသမအကြိမ်မြောက်ဘွဲ့နှင်းသဘင်**

**၇-၁၂-၂၀၁၀ ရက်၊ (ပထမနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၁။ | သိပ္ပံတွဲ၊ ဓာတုဗေဒအထူးပြုအားလုံး | တောင်ကြီး၊ မကွေး၊ မြစ်ကြီးနား၊ ကလေး၊ လွိုင်ကော်၊ လားရှိုး၊ ရေနံချောင်း | ၆-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၂မှ၅၆) | မုံရွာ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၁မှ၁၂၄) | မြစ်ကြီးနား | |
| | သိပ္ပံတွဲ၊ ရူပဗေဒအထူးပြုအားလုံး | တောင်ကြီး၊ မုံရွာ၊ မြစ်ကြီးနား၊ မိတ္ထီလာ၊ လွိုင်ကော်၊ ကျိုင်းတုံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၂မှ ၁၂၇) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၁မှ ၆၅) | ရွှေဘို | |

**၇-၁၂-၂၀၁၀ ရက်၊ (ပထမနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၂။ | သိပ္ပံတွဲ၊ ရူပဗေဒအထူးပြု(၁မှ ၉၃) | ရတနာပုံ | ၆-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | သိပ္ပံတွဲ၊ ရူပဗေဒအထူးပြုအားလုံး | ကလေး၊ ဗန်းမော်၊ ရွှေဘို၊ မြင်းခြံ၊ မိုးညှင်း | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၅၈မှ၁၃၃) | မုံရွာ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၁၂၅မှ၂၉၃) | မြစ်ကြီးနား | |
| | သိပ္ပံတွဲ၊ ဓာတုဗေဒအထူးပြုအားလုံး | မုံရွာ၊ ရတနာပုံ၊ မြင်းခြံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၁၂၈မှ ၂၆၆) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၆၆မှ ၁၃၈) | ရွှေဘို | |

**၈-၁၂-၂၀၁၀ ရက်၊ (ဒုတိယနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၃။ | သိပ္ပံတွဲ၊ ဓာတုဗေဒအထူးပြုအားလုံး | မိတ္ထီလာ၊ ပခုက္ကူ၊ ကျောက်ဆည်၊ ကျိုင်းတုံ၊ ဗန်းမော်၊ ရွှေဘို၊ မိုးညှင်း | ၆-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၁မှ၁၄၃) | တောင်ကြီး | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၁၃၄မှ၂၀၈) | မုံရွာ | |
| | သိပ္ပံတွဲ၊ ရူပဗေဒအထူးပြုအားလုံး | မကွေး | |
| | သိပ္ပံတွဲ၊ ရူပဗေဒအထူးပြု(၉၆မှ၂၃၄) | ရတနာပုံ | |
| | သိပ္ပံတွဲ၊ ရူပဗေဒအထူးပြုအားလုံး | ပခုက္ကူ၊ ကျောက်ဆည်၊ လားရှိုး၊ ရေနံချောင်း | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၂၆၇မှ ၄၀၆) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၁၃၉မှ ၂၁၅) | ရွှေဘို | |

**၈-၁၂-၂၀၁၀ ရက်၊ (ဒုတိယနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၄။ | သိပ္ပံတွဲ၊ သင်္ချာအထူးပြုအားလုံး | တောင်ကြီး | ၆-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | သိပ္ပံတွဲ၊ သင်္ချာအထူးပြု(၂မှ ၇၅) | မုံရွာ | |
| | သိပ္ပံတွဲ၊ သင်္ချာအထူးပြုအားလုံး | မြစ်ကြီးနား၊ လားရှိုး၊ မိုးညှင်း | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၁၄၆မှ၂၃၅) | တောင်ကြီး | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၂၁၀မှ၂၇၆) | မုံရွာ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၁မှ၆၁) | ကျောက်ဆည် | |
| | သိပ္ပံတွဲ၊ သတ္တဗေဒအထူးပြုအားလုံး | တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ကလေး၊ လွိုင်ကော်၊ လားရှိုး၊ ကျိုင်းတုံ၊ ရွှေဘို၊ မြင်းခြံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၄၀၉မှ ၅၅၉) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၂၁၈မှ ၂၅၅) | ရွှေဘို | |

**၉-၁၂-၂၀၁၀ ရက်၊ (တတိယနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၅။ | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၅၆၀မှ ၇၁၈) | ရတနာပုံ | ၆-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၂၅၆မှ ၃၁၅) | ရွှေဘို | |
| | သိပ္ပံတွဲ၊ ရုက္ခဗေဒအထူးပြုအားလုံး | တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကျောက်ဆည်၊ ကလေး၊ လွိုင်ကော်၊ လားရှိုး၊ ကျိုင်းတုံ၊ ဗန်းမော်၊ ရွှေဘို၊ မြင်းခြံ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၂၈၀မှ၃၆၄) | မုံရွာ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၆၂မှ၁၈၉) | ကျောက်ဆည် | |
| | သိပ္ပံတွဲ၊ သင်္ချာအထူးပြု(၇၆မှ ၁၆၅) | မုံရွာ | |
| | သိပ္ပံတွဲ၊ သင်္ချာအထူးပြုအားလုံး | မိတ္ထီလာ၊ မြင်းခြံ | |

**၉-၁၂-၂၀၁၀ ရက်၊ (တတိယနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၆။ | သိပ္ပံတွဲ၊ သင်္ချာအထူးပြု(၁ မှ ၁၁၈) | ရတနာပုံ | ၆-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | သိပ္ပံတွဲ၊ သင်္ချာအထူးပြုအားလုံး | ပခုက္ကူ၊ ကလေး၊ ရေနံချောင်း | |
| | ဝိဇ္ဇာတွဲ၊ အရှေ့တိုင်းပညာအထူးပြုအားလုံး | တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ကလေး၊ လွိုင်ကော် | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၃၆၅မှ၄၈၄) | မုံရွာ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၁၉၃မှ၃၁၀) | ကျောက်ဆည် | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၇၁၉မှ ၈၈၅) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၃၁၆မှ ၄၆၅) | ရွှေဘို | |

**၁၂-၁၂-၂၀၁၀ ရက်၊ (ပထမနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၇။ | သိပ္ပံတွဲ၊ သင်္ချာအထူးပြုအားလုံး | မကွေး | ၁၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | သိပ္ပံတွဲ၊ သင်္ချာအထူးပြု(၁၁၉ မှ ၂၆၇) | ရတနာပုံ | |
| | သိပ္ပံတွဲ၊ သင်္ချာအထူးပြုအားလုံး | လွိုင်ကော်၊ ကျိုင်းတုံ၊ ဗန်းမော် | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၈၈၇ မှ ၁၀၈၈) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၂မှ ၉၂) | မြစ်ကြီးနား | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၄၈၅မှ၅၇၃) | မုံရွာ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၂မှ ၁၄၆) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ အင်္ဂလိပ်စာအထူးပြုအားလုံး | မိတ္ထီလာ၊ ကျောက်ဆည်၊ ကလေး | |

**၁၂-၁၂-၂၀၁၀ ရက်၊ (ပထမနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၈။ | သိပ္ပံတွဲ၊ သင်္ချာအထူးပြု(၂၆၈ မှ ၃၉၇) | ရတနာပုံ | ၁၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | သိပ္ပံတွဲ၊ သင်္ချာအထူးပြုအားလုံး | ကျောက်ဆည်၊ ရွှေဘို | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၅မှ ၈၂) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၉၃မှ ၂၂၅) | မြစ်ကြီးနား | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၅၇၄မှ၆၄၉) | မုံရွာ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၁၄၇မှ၂၈၄) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ အင်္ဂလိပ်စာအထူးပြုအားလုံး | တောင်ကြီး | |
| | ဝိဇ္ဇာတွဲ၊ အင်္ဂလိပ်စာအထူးပြု(၁ မှ ၇၅) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ အင်္ဂလိပ်စာအထူးပြုအားလုံး | လွိုင်ကော် | |

**၁၃-၁၂-၂၀၁၀ ရက် (ဒုတိယနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၉။ | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၂ မှ ၁၅၀) | တောင်ကြီး | ၁၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၈၃မှ၁၅၈) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြုအားလုံး | ဗန်းမော် | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၆၅၀မှ၇၂၃) | မုံရွာ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၂၈၅မှ၄၀၄) | ရတနာပုံ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၁မှ ၅၅) | မိတ္ထီလာ | |
| | ဝိဇ္ဇာတွဲ၊ အင်္ဂလိပ်စာအထူးပြုအားလုံး | မြစ်ကြီးနား | |
| | ဝိဇ္ဇာတွဲ၊ အင်္ဂလိပ်စာအထူးပြု(၁မှ ၁၆၀) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ အင်္ဂလိပ်စာအထူးပြုအားလုံး | ပခုက္ကူ | |

**၁၃-၁၂-၂၀၁၀ ရက် (ဒုတိယနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၁၀။ | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၁၅၄မှ ၂၆၁) | တောင်ကြီး | ၁၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၁၅၉မှ ၂၃၁) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြုအားလုံး | လွိုင်ကော်၊ ကျိုင်းတုံ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၇၂၄မှ၈၀၃) | မုံရွာ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၄၀၅မှ၅၇၅) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ အင်္ဂလိပ်စာအထူးပြုအားလုံး | မကွေး | |
| | ဝိဇ္ဇာတွဲ၊ အင်္ဂလိပ်စာအထူးပြု(၇၆မှ ၂၁၀) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ အင်္ဂလိပ်စာအထူးပြု(၁၆၃မှ၄၀၉) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ အင်္ဂလိပ်စာအထူးပြုအားလုံး | ပင်လုံ | |

**၁၄-၁၂-၂၀၁၀ ရက်၊ (တတိယနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၁၁။ | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု(၂ မှ ၁၅၀) | တောင်ကြီး | ၁၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု(၁ မှ ၆၉) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၈ မှ ၁၀၆) | ပခုက္ကူ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၈၀၄မှ၈၈၁) | မုံရွာ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၅၇၇မှ၇၄၁) | ရတနာပုံ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြုအားလုံး | ပင်လုံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၉မှ ၂၅၉) | မကွေး | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၂၃၂မှ ၂၉၈) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြုအားလုံး | ကလေး | |

**၁၄-၁၂-၂၀၁၀ ရက်၊ (တတိယနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၁၂။ | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၁၅၁ မှ ၂၉၅) | တောင်ကြီး | ၁၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၇၂မှ ၁၃၈) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၁၀၈ မှ ၂၄၂) | ပခုက္ကူ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၈၈၂မှ၉၇၂) | မုံရွာ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၅၆မှ၂၄၁) | မိတ္ထီလာ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြုအားလုံး | လွိုင်ကော် | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၂၇၇မှ ၅၅၈) | မကွေး | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၂၉၉မှ ၃၉၄) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၁မှ ၁၀၇) | မိုးညှင်း | |

**၁၇-၁၂-၂၀၁၀ ရက်၊ (ပထမနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၁၃။ | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၂၉၆ မှ ၄၅၁) | တောင်ကြီး | ၁၆-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၁၄၇ မှ ၂၃၂) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၂၄၅ မှ ၃၆၆) | ပခုက္ကူ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၉၇၃မှ၁၀၈၆) | မုံရွာ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၇၄၂မှ၉၀၈) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၃၉၅မှ၄၈၇) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၂မှ၁၁၉) | ကျောက်ဆည် | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၁၀၈မှ၂၁၉) | မိုးညှင်း | |

**၁၇-၁၂-၂၀၁၀ ရက်၊ (ပထမနေ့)မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၁၄။ | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၄၅၄ မှ ၆၃၇) | တောင်ကြီး | ၁၆-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၂၃၃ မှ ၃၂၁) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၁မှ ၆၉) | ရွှေဘို | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု (၂ မှ၁၄၄) | မကွေး | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၉၀၉မှ၁၁၀၉) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၄၉၀မှ ၅၇၄) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၁၂၁မှ ၃၄၀) | ကျောက်ဆည် | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၃မှ ၉၇) | ရေနံချောင်း | |

**၁၈-၁၂-၂၀၁၀ ရက်၊ (ဒုတိယနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၁၅။ | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၆၃၉ မှ ၇၃၈) | တောင်ကြီး | ၁၆-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၃၂၂ မှ ၄၀၃) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၃၇၀ မှ ၆၇၅) | ပခုက္ကူ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၇၁ မှ ၁၁၂) | ရွှေဘို | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၁၄၇မှ၂၉၃) | မကွေး | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၁၁၁၀မှ၁၃၀၇) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၅၇၅မှ၆၅၃) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြုအားလုံး | လားရှိုး | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၉၈ မှ ၂၀၄) | ရေနံချောင်း | |

**၁၈-၁၂-၂၀၁၀ ရက် ၊ (ဒုတိယနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၁၆။ | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၄၀၄ မှ ၅၂၀) | မုံရွာ | ၁၆-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြုအားလုံး | မြစ်ကြီးနား | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု(၁၁၃ မှ ၁၆၈) | ရွှေဘို | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၂၉၅မှ၄၈၂) | မကွေး | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၁၃၀၈မှ၁၄၆၃) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၆၅၄ မှ ၇၄၈) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၃ မှ ၁၆၁) | မိတ္ထီလာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၂၀၆ မှ ၃၄၈) | ရေနံချောင်း | |

**၁၉-၁၂-၂၀၁၀ ရက်၊ (တတိယနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၁၇။ | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၅၂၁ မှ ၆၂၁) | မုံရွာ | ၁၆-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၁ မှ ၂၂၁) | ရတနာပုံ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြု(၁၄၆၅မှ၁၈၁၄) | ရတနာပုံ | |
| | ဥပဒေတွဲ၊ ဥပဒေပညာအထူးပြုအားလုံး | ပခုက္ကူ၊ ကလေး | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၇၅၃ မှ ၈၇၉) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၁၆၂ မှ ၃၄၅) | မိတ္ထီလာ | |

**၁၉-၁၂-၂၀၁၀ ရက်၊ (တတိယနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၁၈။ | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၆၂၃ မှ ၇၀၂) | မုံရွာ | ၁၆-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၂၂၅ မှ ၄၄၄) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၁၆၉ မှ ၂၂၀) | ရွှေဘို | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု (၁ မှ ၁၈၇) | တောင်ကြီး | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု (၂ မှ ၇၀) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၈၈၀ မှ ၉၈၅) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၃၄၆ မှ ၅၉၃) | မိတ္ထီလာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြုအားလုံး | ပင်လုံ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၃၅၀ မှ ၄၄၄) | ရေနံချောင်း | |

**၂၂-၁၂-၂၀၁၀ ရက်၊ (ပထမနေ့)နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၁၉။ | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၇၀၃ မှ ၇၈၆) | မုံရွာ | ၂၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၄၄၅ မှ ၆၃၇) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၂၂၁ မှ ၂၇၄) | ရွှေဘို | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု (၁၉၁ မှ ၂၉၇) | တောင်ကြီး | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု (၇၁ မှ ၁၃၈) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု (၃ မှ ၁၁၂) | မြစ်ကြီးနား | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၉၈၆ မှ ၁၀၉၈) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၅၉၄ မှ ၈၃၇) | မိတ္ထီလာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၁ မှ ၂၀၅) | ပခုက္ကူ | |

**၂၂-၁၂-၂၀၁၀ ရက်၊ (ပထမနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၂၀။ | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၇၈၈ မှ ၈၈၈) | မုံရွာ | ၂၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၆၄၆ မှ ၈၆၄) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၂၇၅ မှ ၃၄၇) | ရွှေဘို | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု (၁၃၉ မှ ၂၁၄) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု (၁၁၈ မှ ၃၆၀) | မြစ်ကြီးနား | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု (၂ မှ ၇၄) | ပခုက္ကူ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု(၁၁၀၃မှ၁၂၈၉) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၂၀၆ မှ ၃၉၄) | ပခုက္ကူ | |
| | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၂ မှ ၁၇၃) | မြင်းခြံ | |

**၂၃-၁၂-၂၀၁၀ ရက်၊ (ဒုတိယနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၂၁။ | ဝိဇ္ဇာတွဲ၊ မြန်မာစာအထူးပြု (၁၇၄ မှ ၅၉၁) | မြင်းခြံ | ၂၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု (၂၁၅ မှ ၂၈၂) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု (၁ မှ ၁၃၆) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၈၉၀ မှ ၉၈၇) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု(၈၆၅မှ၁၀၈၅) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၃၄၈ မှ ၄၂၅) | ရွှေဘို | |

**၂၃-၁၂-၂၀၁၀ ရက်၊ (ဒုတိယနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၂၂။ | ဝိဇ္ဇာတွဲ၊ သမိုင်းအထူးပြုအားလုံး | တောင်ကြီး၊ ကျောက်ဆည်၊ မြင်းခြံ | ၂၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု (၂၈၄ မှ ၃၃၈) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု (၁၃၇ မှ ၂၈၃) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု (၇၇ မှ ၁၄၀) | ပခုက္ကူ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု(၉၈၉မှ၁၀၉၇) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု(၁၀၈၆မှ၁၅၄၀) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု (၄၂၆ မှ ၄၆၁) | ရွှေဘို | |

**၂၄-၁၂-၂၀၁၀ ရက်၊ (တတိယနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၂၃။ | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြုအားလုံး | မြစ်ကြီးနား | ၂၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၄မှ ၂၃၃) | ပခုက္ကူ | |
| | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြုအားလုံး | လားရှိုး | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၃၃၉မှ ၄၀၁) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၂၈၈မှ ၄၂၇) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၁၄၂ မှ ၃၃၇) | ပခုက္ကူ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု(၁၁၀၁မှ ၁၂၂၅) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု(၁မှ ၁၇၆) | ကျောက်ဆည် | |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု(၄၆၅မှ ၅၃၀) | ရွှေဘို | |

**၂၄-၁၂-၂၀၁၀ ရက်၊ (တတိယနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၂၄။ | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၂၄၀မှ ၅၂၀) | ပခုက္ကူ | ၂၁-၁၂-၂၀၁၀ ရက် နံနက် ၁၀နာရီ |
| | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြုအားလုံး | ပင်လုံ၊ လွိုင်ကော်၊ ကျိုင်းတုံ၊ မိုးညှင်း | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၄၀၂မှ ၄၆၉) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၄၂၈မှ ၅၇၂) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြုအားလုံး | လွိုင်ကော် | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၄မှ ၁၉၅) | မကွေး | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၁၇၇မှ ၃၈၄) | ကျောက်ဆည် | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၅၃၁မှ ၆၀၀) | ရွှေဘို | |

**၂၇-၁၂-၂၀၁၀ ရက်၊ (ပထမနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၂၅။ | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၁ မှ ၅၇) | မုံရွာ | ၂၆-၁၂-၂၀၁၀ ရက်နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၂မှ ၁၇၇) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြုအားလုံး | ရေနံချောင်း | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၄၇၂မှ ၅၃၅) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၅၇၃မှ ၇၈၄) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၁၉၈မှ ၃၇၀) | မကွေး | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၃၈၅မှ ၆၂၉) | ကျောက်ဆည် | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၆၀၁မှ ၆၇၄) | ရွှေဘို | |

**၂၇-၁၂-၂၀၁၀ ရက်၊ (ပထမနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၂၆။ | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၅၈မှ ၁၅၃) | မုံရွာ | ၂၆-၁၂-၂၀၁၀ ရက်နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၁၇၉ မှ ၃၇၁) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၁ မှ ၁၃၁) | ကလေး | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၅၃၆မှ ၆၂၄) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၇၈၉မှ ၉၉၇) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၃၇၄မှ ၅၄၃) | မကွေး | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၆၃၇မှ ၇၀၅) | ကျောက်ဆည် | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြုအားလုံး | ပင်လုံ၊ လွိုင်ကော် | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၁မှ ၉၂) | မြင်းခြံ | |

**၂၈-၁၂-၂၀၁၀ ရက်၊ (ဒုတိယနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၂၇။ | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၁၅၄ မှ ၂၄၉) | မုံရွာ | ၂၆-၁၂-၂၀၁၀ ရက်နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၃၇၈မှ ၇၁၁) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၁၃၂ မှ ၁၉၄) | ကလေး | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၆၂၅မှ ၆၉၄) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၉၉၉မှ ၁၂၈၇) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြုအားလုံး | ပင်လုံ | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၅၄၈မှ ၇၃၈) | မကွေး | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြုအားလုံး | လားရှိုး | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၉၃မှ ၁၆၀) | မြင်းခြံ | |

**၂၈-၁၂-၂၀၁၀ ရက်၊ (ဒုတိယနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၂၈။ | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၂၅၀မှ ၃၅၀) | မုံရွာ | ၂၆-၁၂-၂၀၁၀ ရက်နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြုအားလုံး | မိတ္ထီလာ၊ ဗန်းမော် | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၆၉၅မှ ၇၈၄) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၁၂၉၀မှ ၁၄၂၃) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၁မှ၁၇၇) | ကျောက်ဆည် | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၇၅၄မှ ၉၅၇) | မကွေး | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၁မှ ၆၇) | မိတ္ထီလာ | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြုအားလုံး | မိုးညှင်း | |

**၂၉-၁၂-၂၀၁၀ ရက်၊ (တတိယနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၂၉။ | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၃၅၃ မှ ၄၇၂) | မုံရွာ | ၂၆-၁၂-၂၀၁၀ ရက်နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၁၉၅မှ ၃၀၀) | ကလေး | |
| | ဝိဇ္ဇာတွဲ၊သမိုင်းအထူးပြု(၂ မှ ၁၆၈) | ရွှေဘို | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၇၈၇မှ ၈၆၃) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၂မှ ၁၄၇) | မိတ္ထီလာ | |
| | ဝိဇ္ဇာတွဲ၊စီးပွားရေးအထူးပြု(၁၇၈မှ ၂၉၃) | ကျောက်ဆည် | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၉၆၀မှ ၁၀၈၅) | မကွေး | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၆၉မှ ၂၀၂) | မိတ္ထီလာ | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၁၆၁မှ ၃၅၉) | မြင်းခြံ | |

**၂၉-၁၂-၂၀၁၀ ရက်၊ (တတိယနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၃၀။ | ဝိဇ္ဇာတွဲ၊ သမိုင်းအထူးပြုအားလုံး | မကွေး | ၂၆-၁၂-၂၀၁၀ ရက်နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ သမိုင်းအထူးပြု(၁၇၀ မှ ၂၂၂) | ရွှေဘို | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု(၈၆၄ မှ ၉၇၀) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု(၁၄၉မှ ၄၃၅) | မိတ္ထီလာ | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြုအားလုံး | ကလေး | |
| | ဝိဇ္ဇာတွဲ၊ မြန်မာမှုအထူးပြုအားလုံး | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ ရသစာပေအထူးပြုအားလုံး | မုံရွာ၊ ရတနာပုံ၊ ကျောက်ဆည် | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၂၀၃မှ ၄၂၄) | မိတ္ထီလာ | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၁မှ ၄၀) | ဗန်းမော် | |
| | ဝိဇ္ဇာတွဲ၊ပထဝီဝင်အထူးပြု(၃၆၀မှ ၄၈၈) | မြင်းခြံ | |

**၁-၁-၂၀၁၁ ရက်၊ (ပထမနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၃၁။ | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြုအားလုံး | ကလေး၊ ကျိုင်းတုံ | ၃၁-၁၂-၂၀၁၀ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု(၂ မှ ၉၇) | ရေနံချောင်း | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု(၉၇၁ မှ ၁၀၇၉) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု(၆ မှ ၄၂၈) | မကွေး | |
| | ဝိဇ္ဇာတွဲ၊ ဒဿနိကအထူးပြုအားလုံး | တောင်ကြီး၊ မကွေး | |
| | ဝိဇ္ဇာတွဲ၊ ဒဿနိကအထူးပြု(၁ မှ ၃၇) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ ဒဿနိကအထူးပြုအားလုံး | ကျောက်ဆည် | |

**၁-၁-၂၀၁၁ ရက်၊ (ပထမနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၃၂။ | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု(၄၁ မှ ၁၈၅) | ဗန်းမော် | ၃၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ ပထဝီဝင်အထူးပြု(၁၀၁ မှ ၄၄၅) | ရေနံချောင်း | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု(၁၀၈၁ မှ ၁၂၃၆) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ စီးပွားရေးအထူးပြု(၄၃၀ မှ ၇၁၂) | မကွေး | |
| | ဝိဇ္ဇာတွဲ၊ စီးပွားစီမံအထူးပြုအားလုံး | တောင်ကြီး၊ မကွေး၊ ပခုက္ကူ၊ ကျောက်ဆည် | |
| | ဝိဇ္ဇာတွဲ၊ ဒဿနိကအထူးပြု(၃၈ မှ ၁၀၀) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ ဒဿနိကအထူးပြုအားလုံး | မြစ်ကြီးနား၊ မိတ္ထီလာ | |

**၂-၁-၂၀၁၁ ရက်၊ (ဒုတိယနေ့) နံနက် ၉ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၃၃။ | ဝိဇ္ဇာတွဲ၊ စိတ်ပညာအထူးပြု(၁ မှ ၅၂) | မုံရွာ | ၃၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ စိတ်ပညာအထူးပြုအားလုံး | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ စီးပွားစီမံအထူးပြုအားလုံး | မုံရွာ၊ မြစ်ကြီးနား၊ မိတ္ထီလာ၊ ပင်လုံ၊ ကလေး၊ လွိုင်ကော် | |
| | ဝိဇ္ဇာတွဲ၊ ပြည်သူ့ရေးရာအထူးပြုအားလုံး | မြစ်ကြီးနား၊ ရတနာပုံ၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ကလေး | |
| | ဝိဇ္ဇာတွဲ၊ အိမ်တွင်းစီးပွားအထူးပြုအားလုံး | တောင်ကြီး၊ မုံရွာ၊ ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ ဒဿနိကအထူးပြု(၁၀၁ မှ ၁၅၃) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ ဒဿနိကအထူးပြု(၁ မှ ၁၇၀) | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ ဒဿနိကအထူးပြုအားလုံး | ပခုက္ကူ၊ ပင်လုံ၊ ကလေး၊ လွိုင်ကော် | |

**၂-၁-၂၀၁၁ ရက်၊ (ဒုတိယနေ့) မွန်းလွဲ ၂ နာရီ** — **အစမ်းလေ့ကျင့်ရက်**

| | | | |
|---|---|---|---|
| ၃၄။ | ဝိဇ္ဇာတွဲ၊ စိတ်ပညာအထူးပြုအားလုံး | တောင်ကြီး၊ မကွေး | ၃၁-၁၂-၂၀၁၀ ရက် နံနက် ၁၀ နာရီ |
| | ဝိဇ္ဇာတွဲ၊ စိတ်ပညာအထူးပြု(၅၅ မှ ၁၈၁) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ စိတ်ပညာအထူးပြုအားလုံး | မြစ်ကြီးနား၊ မိတ္ထီလာ၊ ပခုက္ကူ၊ ကျောက်ဆည်၊ ကလေး၊ လွိုင်ကော် | |
| | ဝိဇ္ဇာတွဲ၊ စီးပွားစီမံအထူးပြုအားလုံး | ရတနာပုံ | |
| | ဝိဇ္ဇာတွဲ၊ ဒဿနိကအထူးပြု(၁၅၅ မှ ၂၀၅) | မုံရွာ | |
| | ဝိဇ္ဇာတွဲ၊ ဒဿနိကအထူးပြု(၁၇၁ မှ ၄၅၁) | ရတနာပုံ | |

၄။ ဘွဲ့တက်ရောက်ယူမည့်လက်မှတ်၊ ဧည့်လက်မှတ်များကို မိမိတို့နှင့်သက်ဆိုင်သည့် ဘွဲ့တက်ရောက်ယူမည့်နေ့ရက်မတိုင်မီ ကြိုတင်ထုတ်ပေးပါမည်။

**ဘွဲ့ဝတ်စုံငှားရမ်းမည့်အစီအစဉ်**

၅။ ဘွဲ့ဝတ်စုံငှားရမ်းခြင်းကို မိမိနှင့်သက်ဆိုင်သည့် အစမ်းလေ့ကျင့်မည့်နေ့ရက်နှင့် ဘွဲ့တက်ရောက်ယူမည့် နေ့ရက်မတိုင်မီကြိုတင်၍ မန္တလေး အဝေးသင်တက္ကသိုလ် ထုတ်လုပ်ရေးဌာနတွင် ဖွင့်လှစ်ထားသော ဘွဲ့ဝတ်ရုံငှားရမ်းဌာနတွင် ငွေသွင်းပြေစာပြ၍ ဘွဲ့နှင်းဌာနထောက်ခံစာဖြင့် ငှားရမ်းနိုင်ပါသည်။

**ရွှေလတ်ဇင်**
**လက်ထောက်မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**မန္တလေးအဝေးသင်တက္ကသိုလ်**

**ရက်စွဲ၊ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်**

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

# တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံ ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲ

**သတင်းမှတ်စု - နိုင်ထွန်း(တောင်ကြီး)**

၂၀၁၀ ခုနှစ် တောင်ကြီး တန်ဆောင်တိုင်နှင့် မီးပုံးပျံပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်နှင့် ပညာရှင်အဆင့် (နှစ်မျိုးလုံး အလွတ်တန်း)ဓာတ်ပုံပြိုင်ပွဲတစ်ရပ် ထည့်သွင်းကျင်းပခဲ့ပြီး ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် ညနေ ၆ နာရီတွင် အဝေယာကုန်းသာယာ မီးပုံးပျံကွင်း၌ ကျင်းပရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ဝါသနာရှင်အဆင့်(အလွတ်တန်း)တွင် မြို့လုံးကျွတ် မဟာဘုံကထိန်ပွဲတော်ခေါင်းစဉ်တွင် ပထမဆု ဓာတ်ပုံပိုင်စိုး(နတ်မောက်)၊ ဒုတိယဆု ဂျူးလီ(မြို့မ)၊ တတိယဆု ကိုမျိုး၊ အထူးဆု မေမြန်မာနှင့် မင်းထွန်း(ပန်းချီ)တို့ကလည်းကောင်း၊ မီးပုံးပျံ နေ့လွှတ်ပြိုင်ပွဲ ခေါင်းစဉ်တွင် ပထမဆု မေမြန်မာ၊ ဒုတိယဆု ဓာတ်ပုံပိုင်စိုး(နတ်မောက်)၊ တတိယဆု မောင်ဇာနည်မောင်၊ အထူးဆု အောင်လင်း(မြို့မ)နှင့် ဂျူးလီ(မြို့မ)တို့က လည်းကောင်း၊ မီးပုံးပျံ စိန်နားပန် ညလွှတ်ပြိုင်ပွဲ ခေါင်းစဉ်တွင် ပထမဆု ဦးမောင်ရွှေ(လျှပ်စစ်)၊ ဒုတိယဆု မောင်ဆက်ပိုင်(တောင်ကြီးတက္ကသိုလ်)၊ တတိယဆု ကျော်သန့်ဇင်၊ အထူးဆု မောင်နေလင်းနှင့် မင်းထွန်း(ပန်းရိုးမ)တို့ကလည်းကောင်း၊ မီးပုံးပျံ ညမီးကြီး ညလွှတ်ပြိုင်ပွဲ ခေါင်းစဉ်တွင် ပထမဆု သန်းထိုက်၊ ဒုတိယဆု ဝင်းနိုင်ထွန်း(ဟိုပုံး)၊ တတိယဆု အောင်(ဒစ်ဂျစ်တယ်)ဓာတ်ပုံ၊ အထူးဆု ဦးမောင်ရွှေ (လျှပ်စစ်)နှင့် ဓာတ်ပုံပိုင်စိုး(နတ်မောက်)တို့က လည်းကောင်း၊ မီးပဒေသာနှင့် မသိုးသင်္ကန်းပူဇော်ပွဲခေါင်းစဉ်တွင် ပထမဆု မမျိုးမျိုးအေး(မြန်မာ့စီးပွားရေးဘဏ်)၊ ဒုတိယဆု အောင်(ဒစ်ဂျစ်တယ်)ဓာတ်ပုံ၊ တတိယဆု ကိုမျိုး၊ အထူးဆု ကိုအောင်ကိုလတ်နှင့် လှိုင်ကြည်တို့ကလည်းကောင်း အသီးသီး ရရှိကြသည်။



တောင်ကြီး တန်ဆောင်တိုင် ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံကို တွေ့ရစဉ်။

ပညာရှင်အဆင့် (အလွတ်တန်း) မြို့လုံးကျွတ် မဟာဘုံကထိန်ပွဲတော် ခေါင်းစဉ်တွင် ပထမဆု ဓာတ်ပုံ ပခုက္ကူ သန်းစိုး၊ ဒုတိယဆု လွှမ်းနောင်၊ တတိယဆု စိုင်းဆန်းဝင်းဗိုလ်၊ အထူးဆု မိအောင်ဆန်းနှင့် ဒေါ်နန်းဝိုးဖတ်တို့က လည်းကောင်း၊ မီးပုံးပျံ နေ့လွှတ်ပြိုင်ပွဲ ခေါင်းစဉ်တွင် ပထမဆု မိုနာ(မြို့မ)၊ ဒုတိယဆု ဒေါ်နန်းဝိုးဖတ်၊ တတိယဆု ထွန်းဝင်း၊ အထူးဆု စိုးဝေနှင့် ရန်မျိုးအောင်(T.G.I) တို့ကလည်းကောင်း၊ မီးပုံးပျံ စိန်နားပန် ညလွှတ်ပြိုင်ပွဲ ခေါင်းစဉ်တွင် ပထမဆု အောင်ဆန်း(တောင်ကြီး)၊ ဒုတိယဆုကို ကျင်ယုံ၊ တတိယဆု

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✦



တောင်ကြီး တန်ဆောင်တိုင် ဓာတ်ပုံပြိုင်ပွဲ ဆုရဓာတ်ပုံကို တွေ့ရစဉ်။

**ထူးခြားသည့် ညအပူချိန်များ**

၂၃ - ၁၁ - ၂၀၁၀

| | |
|---|---|
| မင်းတပ် | ၆ ဒီဂရီစင်တီဂရိတ် |
| မချမ်းဘော | ၇ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၇ ဒီဂရီစင်တီဂရိတ် |

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အထက်ပိုင်း ဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။